
Tell Me You
Love Me
စာရေးသူ - ပိုင်လေးဖြူ

## Part (1)

လေယာဉ်ကွင်းထဲသို့ ရောက်လျှင်ရောက်ချင်းပဲ လေချိုမြန်မာနိုင်ငံရဲ့လေကို တဝကြီး ရှူရှိုက်လိုက်သည်။ သြော် ကြာခဲ့ပြီပဲလေ။ သူမြန်မာနိုင်ငံနဲ့ဝေးကွာခဲ့တာ နှစ်နဲ့တွက်လျှင် (၁၀)နှစ်တောင်ရှိသွားပြီပဲ။ ဤမြေမှ စတင်နှုတ်ဆက်ခဲ့သည်မှာ လေချို့အသက် ၁၂နှစ်ပဲရှိသေးသည်။ အခုဆိုရင် သူ့အသက် ၂၂နှစ်ပြည့်ပြီးပြီပေါ့။

ဒယ်ဒီနဲ့မာမီကွာရှင်းတော့ သူက မာမီခေါ်ရာ ဘန်ကောက်သို့ အပြီးအပိုင်လိုက်သွားခဲ့ရတာ။ အဲမှာက အမျိုးတွေရှိတယ်လေ။ မေမေကိုယ်၌ကလည်း ထိုင်း-မြန်မာ ကပြားဆိုတော့ကာ ထိုင်းနိုင်ငံသည် မာမီ့အတွက် ခြေဦးနဲ့ကြမ်းပြင်လိုပင် နေသားတကျရှိလှသည်။ လေချို့မှာ မအူမလည်လေးနဲ့ဘာသာစိမ်းလူတွေကြားမှာ မျက်နှာငယ်ခဲ့ရတာ။

အဲအချိန်တွေဆို နေချို့ကိုသိပ်လွမ်းတာပဲ။ အခုလောက်ဆို နေချိုလည်း ၂၂နှစ်ပြည့်ပြီး လူပျိုဖားဖားကြီး ဖြစ်တော့မှာပေါ့ ... လေချိုကိုများ မေ့သွားလေမလားရယ်။

အတိတ်ကအကြောင်းတွေ ပြန်တွေးကြည့်မိရင်း လေချိုရဲ့မျက်နှာမွတ်မွတ်လေး အလိုလိုမဲ့လာရသည်။ တော်ပါပြီ ... အရည်မရ အဖတ်မရတွေ တွေးမနေတော့ဘူး။

ပါလာတဲ့အိတ်တွေကိုသာ ဆွဲ၍ လေဆိပ်ဝင်းထဲမှ ထွက်ခဲ့သည်။ ထိုစဉ် မထင်မှတ်ပဲ တစ်စုံတစ်ယောက်က လက်ကိုဖမ်းဆွဲလိုက်တာကြောင့် လေချိုကလည်းအရှိန်နဲ့ ထိုလူသည်လည်း အားနဲ့ဆောင့်ဆွဲသဖြင့် အနောက်သို့

သိသိသာသာလှန်ကျကာ ထိုသူ၏ ရင်ခွင်ကျယ်ကြီးထဲ လေချိုရဲ့ကျောပြင်နဲ့ ထိမိဂွိစိလေတော့သည်။

"မင်း လည်လို့ဝသွားပြီပေါ့"

"ဟင် ..."

၁၅စက္ကန့်လောက် သူ့ရင်ခွင်ထဲ ကျောအပ်ထားပြီးမှ အသိစိတ်ပြန်ဝင်ကာ လေချို ... ကမန်းကတန်း ရုန်းထွက်လေသည်။

"ဟိတ်လူ ... ခင်ဗျား ဘာလို့လူကို လှမ်းဆွဲတာလဲဗျ၊ မတော်နောက်ပြန်လှန်ကျလို့ ခေါင်းကွဲရင် ဘယ့်နှယ်လုပ်မလဲ"

"ကွဲပေါ့ ဘာဖြစ်လဲ"

ဗုဒ္ဓဘုရား ... ပြောပုံကိုက မကျေမနပ်အေးတိအေးစက်နဲ့။ အခုမှပဲ ကြည့်မိတော့တယ်။ သူ့ကိုလှမ်းဆွဲထားတဲ့ သူက အဖြူအမည်းအကွင်းဆင်း ဖလန်နယ်ရှပ်ကိုမှ အောက်မှာ ရိုးရိုးတီရှပ်အဖြူကိုခံဝတ်ကာ Navy Blue color Jeansဘောင်းဘီဖြင့် စတိုင်မိမိုက်နေသော ယောကျ်ားလေးတစ်ယောက်။

လေချိုတို့ထက်စာရင် သူသည် ၂နှစ် ဒါမှမဟုတ် ၃/၄နှစ်လောက် အသက်ကြီးလိမ့်မယ်လို့ ခန့်မှန်းမိသည်။ အယ် ... ဒါနဲ့နေပါဦးနော်၊ ခံရတာကိုယ်ပါ ... သူက ဘာကိစ္စနဲ့ဒေါပွနေရတာလဲ၊ အမှန်ဆို လေချို့လက်ကို သူပဲလှမ်းဆွဲလိုက်တာ ဖြစ်ချင်းဖြစ် လေချိုကပဲ ဒေါသထွက်ရမှာ ဟုတ်တယ်မလား။ အခုများမှာတော့ ဒေါသထွက်ဖို့နေနေသာသာ ထွက်ချင်နေတဲ့ဒေါသမှာ သူ့အကြည့်စူးစူးတွေကို မြင်လိုက်ရတာနဲ့ ဂလုဆိုသလို လည်ချောင်းဝကနေ ဗိုက်ထဲသို့ အလျှိုလျှို ပြန်ဝင်သွားခဲ့ချေပြီ။

"Sorry ခင်ဗျား လူမှားနေတယ်ထင်တယ်"

"မမှားပါဘူး မင်းဟာ နေချိုဖြန်းဆိုတာ ကိုယ်သိတာပေါ့၊ အဟွန်း ..."

ရယ်တဲ့အသံကိုက မသိရင် ရေခဲတုံးကို အပြိုင် စိတ်ကောက်နေတဲ့လေသံနဲ့ လုံးဝရာနှုန်းပြည့် အေးစက်စက်နှင့်။ ကိုယ့်ကိုငုံ့ကြည့်နေပြီး ဖျတ်ခနဲပြုံးလိုက်တဲ့ အမူအရာက ဂီး ... လူကို ကြက်သီးထစေလိုက်တာ။ သူသိတယ်ဆိုပြီး လူကိုလည်း နေချိုနဲ့မှားသေး ဘယ်လိုလူကြီးလဲ။

"ခင်ဗျား မှားနေပြီဗျ ကျွန်တော်က နေချိုမှမဟုတ် ..."

"မင်းရဲ့မာယာလှည့်ကွက်တွေကို နားထောင်ဖို့ ငါ့မှာအချိန်တွေ ပေါသောမနေဘူး၊ အေး ... တစ်ခုလောက်တော့ သတိပေးချင်တယ်၊ ဒီနေ့ကစပြီး မင်းကိုငါရှာတွေ့ပြီမို့ ထပ်ပုန်းဖို့မကြိုးစားပါနဲ့တော့ မင်းကမ္ဘာ့အပြင်ထိပုန်းလည်း ငါကမတွေ့တွေ့အောင်ရှာပြီး အပြစ်တွေပေးဆပ်ခိုင်းမှာပဲ၊ ကဲ နောက်မှပဲ တွေ့ကြတာပေါ့ ကိုယ်လည်းအလုပ်တွေရှိသေးတယ် ဒါပဲ၊ See you"

သူ့ဟာသူ ပြောချင်ရာပြောပြီး ကိုယ့်ကို ကျောခိုင်း၍ ထွက်သွားခဲ့လေပြီ။

"ဟာ ... ဘာလဲဟ၊ ဒီလူ ရူးများရူးနေတာလား"

သူခေါင်းလေးကို ခါယမ်းမိလိုက်ကာ လေဆိပ်အပြင်သို့ထွက်ခဲ့သည်။ ပြီးမှ နီးစပ်ရာ တက္ကစီတစ်စီးကိုငှားပြီး နေရာတစ်နေရာကို မောင်းစေလိုက်သည်။ ကားလေးက ရပ်ကွက်တစ်ခုကို ကျော်လွန်ခဲ့ပြီး ကုံ့ကော်ပင်တွေအုံ့ဆိုင်းနေတဲ့ ခြံရှေ့တွင် ရပ်သွားလေ၏။

အထုပ်အပိုးတွေကို ချကာ ကားခရှင်းလိုက်သည်။ ပြီးမှ ခြံရဲ့ညိုတိုတို သံတံခါးနားကပ်ပြီး အထဲကို လှမ်းကြည့်မိသည်။ အိမ်ကတော့ အရင်လိုပဲ မပြောင်းလဲ ... သစ်ပင်ပန်းမန်တွေတော့ ပိုများလာသလိုပါ။ လေချို လိုက်ကြည့်နေခြင်းကို ရပ်တန့်ရင်း bellကို နှိပ်လိုက်သည်။ များမကြာမီမှာပင်

တံခါးကြီးပွင့်လာပြီး ...

"ကိုကိုကြီး၊ ကိုကိုကြီးပြန်လာပြီ"

တအံ့တသြရေရွတ်သံနှင့်အတူ တံခါးဖွင့်ပေးသည့် ထိုကောင်မလေးက ခရီးဆောင်အိတ်ကို လာဆွဲလေသည်။ ထို့နောက်မှာတော့ ခြံထဲက လူနှစ်ယောက် ထပ်ရောက်လာပြီး ကျန်တဲ့အိတ်တွေကိုသယ်၍ အိမ်ထဲ အတူဝင်ခဲ့၏။

"ဒယ်ဒီရော ..."

"ကိစ္စရှိလို့ အပြင် ခဏသွားတယ်ရှင့် မကြာဘူး ပြန်လာမှာပါ"

"သြော် အင်း"

အိမ်ထဲ ခဏလောက် လှည့်ပတ်ကြည့်ပြီးမှ ဆက်တီတွင် ဝင်ထိုင်လိုက်သည်။ စောနားက ကောင်မလေးကတော့ ဘယ်ဝင်သွားတယ်မသိပါ တစ်အောင့်နေမှ ပြန်ပေါ်လာသည်။

"သခင်ကြီး အခုပဲပြန်လာမယ်လို့ ဖုန်းဆက် အကြောင်းကြားပါတယ် ကိုကိုကြီး၊ အခန်းထဲ ဝင်စောင့်မလား"

"အာ ... ရတယ် ညီမ၊ ဒီမှာပဲ စောင့်နေလိုက်မယ်"

"ဟုတ်ကဲ့ သွားခွင့်ပြုပါဦးရှင့်"

"အင်း ..."

ဧည့်ခန်းမှာပဲ စောင့်နေလိုက်ရင်း ဟိုကြည့်ဒီကြည့် လိုက်လံကြည့်မိသည်။ အိမ်သည် အရင်ကလိုပဲ ဘာမှတော့ ထူးခြားမသွား ထပ်ပြင်ခြင်းမရှိသလို ပရိဘောဂ အဆောင်အယောင်တွေ ထပ်ထည့်ထားခြင်းလည်းမရှိ အင်းလေ ... ဒီအိမ်ဆောက်ကတည်းက ဒယ်ဒီစိတ်ကြိုက် ပြင်ဆင်ခဲ့တာပဲဟာ။ မပြင်တာလည်း ထူးဆန်းတဲ့အရာမှမဟုတ်ပဲ။ ကြည့်နေဆဲမှာပင် ခြံထဲသို့ ကား

ဝင်လာသံနှင့်အတူ ခြေလှမ်းကျဲကြီးများနဲ့ လှမ်းလာသော လူတစ်ယောက်။ ဘယ်သူဖြစ်နိုင်ပါဦးမလဲ ဒယ်ဒီကလွဲလို့ပေါ့ ...။

"ဒယ်ဒီ ..."

"မိဘုံ မိဘုံ ... ဒီကိုအမြန်လာ"

ခရီးရောက်မဆိုက် ကိုယ့်နာမည်ကိုမခေါ်ဘဲ အိမ်ဖော်မလေးမိဘုံကို လှမ်းခေါ်လိုက်တာကြောင့် လေချိုကြောင်အအ ဖြစ်နေမိသည်။

"ရောက်ပါပြီ သခင်ကြီး"

"သွား ... နင့်ကိုကိုကြီးခေါ်ပြီး အခန်းထဲပို့လိုက် ပြီးရင် အခန်းတံခါးကို သော့သေချာခတ်ခဲ့ ကြားလား"

"ဟုတ်ကဲ့ သခင်ကြီး"

ပြောပြောဆိုဆို အိမ်ဖော်မလေးမိဘုံက သူ့လက်ကို နောက်ပြန်ယှဉ် ဖမ်းလိုက်သည်။ ရုတ်တရက်မို့ ဘာကဘာဖြစ်တာကို မသိလိုက်ခင်မှာပဲ သူ့မှာ မိဘုံ၏လက်တွင်းသို့ ရောက်ရှိနေပြီ။ အံ့ဩလို့ကို မဆုံးပါ။

"ဒယ်ဒီ ဒါဘာလုပ်တာလဲ ဘာလို့ ... သားကိုဖမ်းတာလဲ"

"ဘာမှပြန်မမေးနဲ့နေချိုဖြန်း မိဘုံ ... ခေါ်သွားတော့"

"ဒယ်ဒီ ... ဒယ်ဒီ ... မှားနေပြီနော် သားနေချိုဖြန်းမဟုတ်ဘူးနော် ဒယ်ဒီ"

အချည်းနှီးသာပင် ... မိဘုံခေါ်ဆောင်ရာအတိုင်း အပေါ်ထပ်အခန်းဆီသို့ လက်နောက်ပြန်ဖမ်းကာ ရုန်းရင်းကန်ရင်း ရောက်ခဲ့ရသည်။ ထိုကလေးမလေး ဆိုသည်မှာလည်း ကိုယ်တွေများထက် အားသန်ချက်ဆိုတာ နည်းနည်းလေးမှကို အလွတ်မခံဘူး။

"အေးအေးဆေးဆေးနားပါ ကိုကိုကြီး"

"ဟာ ... ဟိတ် မဟုတ်သေးဘူးလေ၊ တံခါး ... တံခါးမပိတ်"

"ဂျောက်"

သွားပြီ။ ရွှေတံခါးကြီးသည် ပိတ်သွားခဲ့ပြီ ...။ လေချို့မှာ ချာချာလည်မူးရုံမှ ဘာမှကိုမတတ်နိုင်။ ဒီအိမ်ကြီးဟာ ဘာအတွက်ကြောင့် ဒီလောက်တောင် ဆူနာမီလှိုင်းဂယက်တွေ ထကြွနေရပါလိမ့် ... ဒယ်ဒီကရော ဘာကြောင့် လေချို့ကို နေချိုအမှတ်နဲ့ အခန်းထဲသော့ပိတ် ထားရတာလဲ။ ကိုယ်မရှိတဲ့ အချိန်အတွင်း ဘာတွေ ဘယ်လိုဖြစ်ခဲ့တာလဲ ...။

"အား ... မသိတော့ဘူး မသိတော့ဘူး၊ ဒယ်ဒီ့ကြောင့်နဲ့ ရူးချင်တာပဲ သိတော့တယ်"

ခုတင်ပေါ်က စောင်တွေ မွေ့ရာတွေကို ကန်ကျောက်ပစ်လိုက်မိသည်။ ဘာတွေ ဘာတွေ ဘာတွေ မှန်းကို မသိတော့ဘူး။

***

ရေချိုးခန်းမှထွက်လာပြီး ကိုယ်ကိုသုတ်နေစဉ် တံခါးခေါက်သံပေါ်လာပြန်၍ အောက်၌ တဘတ်တစ်ထည် ကောက်ပတ်ကာ ...

"ဝင်လာခဲ့ ... နင်တို့ပဲ သော့ခတ်ထားတာ၊ ငါဖွင့်ပေးလို့မရဘူး"

အလိုမကျစွာ အပြင်မှလူကို ပြောလိုက်တော့ အခန်းတံခါးသည် ပွင့်ဟလာ၏။

"သခင်ကြီးက ညစာအတူစားဖို့ အမြန်ဆင်းလာခဲ့ပါတဲ့ ကိုကိုကြီး"

"ဘယ်လို ... ညစာ ဟုတ်လား"

"ဟုတ်ပါတယ် ကိုကိုကြီး"

"ဟဲ့ ၅နာရီတောင် မထိုးသေးတာကို ဘာလို့ စောစောစီးစီးစားကြမှာလဲ အစောကြီးပဲ ရှိသေးတာကို"

"မစောတော့ပါဘူး ကိုကိုကြီးရဲ့ အပြင်မှာ မှောင်စပျိုးနေပါပြီ ပြီးတော့

သခင်ကြီး ပြောပါသေးတယ် ခဏနေရင် ဧည့်သည်ရောက်မယ်တဲ့"

"ငါက သူ့ဧည့်သည်ကို တွေ့ရမယ် ဆိုပါတော့"

"ဟုတ်ကဲ့"

"ဘာတွေလဲဟေ ဒယ်ဒီဘာဖြစ်နေတာလဲ ငါနားကိုမလည်တော့ဘူး"

"အဝတ်အစားလဲပြီးရင် ဆင်းလာခဲ့ပါနော် ... မိဘုံ တံခါးဖွင့်ထားခဲ့မယ်"

"အေးဟယ် အေးအေး"

မိဘုံဆိုသော ကလေးမလေး ထွက်သွားတော့မှ လေချိုမှာ အဝတ်အစား လဲရန် ပြင်ဆင်လိုက်သည်။

"ဟိုက် ... အဲဒါမှဂွကျတာပဲ ငါ့အိတ်ကို သူတို့ ဘယ်ချောင်ထဲ ထိုးထည့် လိုက်တာတုန်း"

တစ်ခန်းလုံး မွှေနှောက်ရှာကြည့်မိပေမဲ့ အိတ်နဲ့တူတဲ့ ကြွပ်ကြွပ်အိတ် တစ်အိတ်တောင်မတွေ့။ ဒါဆို ငါက ဘာဝတ်ရမှာလဲ မထူးသည့်အဆုံး တွေ့ တဲ့ဗီရိုထဲက အဝတ်အစားတွေကိုသာ ကောက်စွပ်လိုက်၏။ ဆိုးတော့မဆိုး လှပါ ကိုယ်နဲ့ မဆိုစလောက်လေး ကြီးနေရုံမှလွဲ၍ ဝတ်ရတာ သက်သောင့်သက်သာ ရှိပါသည်။

ခါးရှည်တီရှပ်နဲ့ ပေါင်ကျော်လောက်သာ sizeရှိသည့် ဘောင်းဘီတိုပဲ ဝတ်နေကျမို့ ရှပ်လက်မောင်းတိုနှင့် ဂျင်းဘောင်းဘီအရှည်က ကိုယ်နဲ့မ လိုက်ဖက်သလို ခံစားရသည်။ ဒါပေမဲ့လည်း အဲဒါပဲရှိတာ အဲဒါပဲဝတ်ရမှာ ပေါ့ ဘယ်တတ်နိုင်မလဲ။ မှန်ပေါ် ထင်နေသော ကိုယ့်အရိပ်ကို ဘဝင်မကျ ဟန် မျက်နှာမဲ့ရင်း ခပ်အုပ်အုပ်ဆံပင်များအား လက်နှင့် တစ်ချက်နှစ်ချက် လေး သပြီးမှ အောက်ထပ် ဆင်းခဲ့တော့၏။ ထမင်းစားခန်းမှာ အသင့် စောင့်နေသည့် ဒယ်ဒီ့ရှေ့တည့်တည့်တွင် ဝင်ထိုင်လိုက်ပါသည်။ စားပွဲပေါ်

မှာတော့ ဟင်းလျာတွေစုံလင်နေပြီး စားချင်စဖွယ်အတိရယ်ပါ။

"စားနိုင်သလောက်စားပါ သားကြီး၊ အစားစားမှအားရှိမှာ အားရှိမှ ကျန်းမာမယ်"

"လျှော့စားလည်း ကျန်းမာပါတယ် ဒယ်ဒီရယ်"

"ဟုတ်တော့ဟုတ်ပါတယ် ဒါပေမဲ့ သားလိုလူက အစားအဟာရက ပိုလို အပ်တယ် စားစား ... သားကြိုက်တာတွေချည်း ချက်ခိုင်းထားတာ"

ဘာသဘောနဲ့ပြောတာလဲ မသိပေမဲ့ အစာနဲ့ပတ်သက်လျှင် လေချိုတို့က နှစ်ခါမပြောရ ... ဆွဲဖို့အသင့်။ စားလို့ရတာမှန်သမျှ ပါးစပ်ထဲ အကုန် ထည့်သည်။ ခြင်းချက်တစ်ခုတော့ ရှိတာပေ့ါ ...။

"ဒါလေးထည့်စားသား ခရမ်းချဉ်သီးက ကျန်းမာရေးအတွက် အထောက်အကူပြုတယ် အသားအရေလည်း ကြည်လင်စေတယ်"

ဟော ... အတွေးတောင် မဆုံးသေးဘူး။ ကိုယ့်ရဲ့ခြွင်းချက် ခရမ်းချဉ်သီး ကြီးက ပါလာပြန်ပြီ။ ဒယ်ဒီ ... ဒါတော့ ဒယ်ဒီ တော်တော်လေးကို လွန်သွား ပြီနော်။

"ဒယ်ဒီ ဘာလုပ်တာလဲ၊ ဘာလို့ သားပန်းကန်ထဲကို ခရမ်းချဉ်သီး ထည့် ပေးရတာလဲလို့ ဒုက္ခပါပဲ"

"ကျန်းမာအောင်လို့လေ"

"မလိုဘူး မလိုဘူး ... ဒယ်ဒီ့ရဲ့ခရမ်းချဉ်သီးကိုစားမှ ကျန်းမာမယ်ဆိုရင် လည်း တော်ပြီ ... မကျန်းမာတာမှ ပိုကောင်းဦးမယ်"

"တယ် ... ဒီကောင်လေး အဖေက စေတနာနဲ့ကျွေးတာကို စား ... ဘာမှ စောဒကတက်မနေနဲ့"

"တက်မှာပဲ သားမှမကြိုက်တာကို"

"မကြိုက်လည်းစားရမှာပဲ အစားကို သွန်ပစ်ရအောင်မလုပ်နဲ့ နှမြောစရာ ကောင်းတယ်"

"မစားတော့ဘူး ဒယ်ဒီ့ဖာသာပဲ အဲခရမ်းချဉ်သီးစားပြီး ကျန်းမာလှပနေ လိုက်တော့ သွားပြီ"

ညစာကို ဆက်မစားတော့ပဲ ထမင်းစားဝိုင်းမှထွက်ခဲ့ပါသည်။ အနောက်မှာ ဒယ်ဒီ့ရဲ့အော်ခေါ်သံ တကျော်ကျော်ကြားပေမဲ့ လှည့်မကြည့်ဖြစ်လိုက်ပါ။

ကျွေးစရာရှား ကိုယ်မကြိုက် ကိုယ်မစား ကိုယ်လက်မခံတဲ့ ခရမ်းချဉ်သီးမှ ကျွေးရတယ်လို့ ... ခရမ်းချဉ်သီး အစား ကြက်ကင် ဒါမှမဟုတ် ဘဲကင် တစ်ကောင်လုံးဆိုလည်း အဆင်ပြေနေတာပဲဟာကို။

၁၀နှစ်နေမှ ပြန်ရောက်တဲ့ဟာ ကောင်းကောင်းကန်းကန်း မကျွေးချင်ဘူး ခရမ်းချဉ်သီးတဲ့ ... ဒယ်ဒီပဲဝအောင်စားနေလိုက် အဲမှာ။

ညနေ ဖနာရီခန့်မှာတော့ ခြံထဲသို့ ကားတစ်စီးဝင်လာသည်။ ဧည့်သည်နဲ့ တွေ့ရဖို့သာ ဒယ်ဒီက အောက်ထပ်ခေါ်ထားတာ၊ ကိစ္စမရှိကြည့်ပါလား လူကို အခန်းထဲ လှောင်ထားမှာ ကျိန်းသေပေါ့ ... အရမ်းစိတ်ပုပ်လွန်းတယ်။

တစ်ယောက်တည်း ဧည့်ခန်းဆက်တီပေါ်တွင် နှုတ်ခမ်းကိုမဲ့လိုက် ရွဲ့လိုက်နဲ့ ဧည့်သည်ဆိုသောသူကို အလုပ်တစ်ခုအဖြစ် ထိုင်စောင့်နေရပါ၏။

"ဟော ... ... လာပြီလား မောင်နေ"

"ဟုတ်ကဲ့ ဦးလေး၊ နေချိုရော ဘယ်မှာလဲခင်ဗျ"

"ဧည့်ခန်းမှာ မင်းကိုစောင့်နေတယ်၊ သွား ... သွား"

သူ ဦးမျိုးမဟာကို တရိုတသေ ခေါင်းညိတ်ပြ၍ ဧည့်ခန်းဆီသို့ နေခွန်းအိမ် ထွက်လာခဲ့လေသည်။ တွေ့ရပါပြီ ... သူ့ရဲ့ချစ်ရသူ နေချိုလေးကို။

"နေကောင်းတယ်နော် ကလေး"

သူက လေချို့ရဲ့ခါးလေးကို ဆတ်ခနဲနေအောင် ဖက်လာတော့ လူက လေပေါ် မြောက်တက်သွားသလို တွန့်ခနဲဖြစ်ကာ လျင်မြန်စွာပင် သူ့လက်က ရုန်းထွက်လိုက်ပါ၏။ ဘာတွေလား ... ဒီလူနဲ့ နေချိုက ဘယ်လိုအခြေအနေလဲ။

"ဘယ်လိုဖြစ်တာလဲ ကလေးရ ... ကိုယ်နဲ့မတွေ့တာ ဘယ်လောက်မှမကြာသေးဘဲနဲ့ အဲဒီလောက် စိမ်းသွားရသလား"

"လွှတ်စမ်းပါဗျာ ကျွန်တော့်အသားကို မထိနဲ့"

"မထိလို့ရမလား ကလေးရဲ့ မင်းနဲ့ကိုယ်က မကြာခင် စေ့စပ်ရတော့မှာပဲကို အခုကတည်းက ရင်းရင်းနှီးနှီးနေသင့်တယ် မထင်ဘူးလား"

ဟမ် ... ဒါဆို နေချိုနဲ့ ဒီဘဲကြီးက စေ့စပ်တော့မှာပေါ့၊ နေကြပါဦး နေကြပါဦး ... စေ့စပ်တာက ထားတော့၊ နေချိုကရော ဘယ်မှာလဲ၊ ဘယ်ရောက်နေတာလဲ အိမ်ရောက်ကတည်းက နေချို့ကို မတွေ့ရသေးဘူးလေ။ ကိုယ့်ကိုပဲ နေချိုဖြစ်နေအထင်နဲ့ အားလုံးက မှားနေကြတာ ...။

"ကလေး ဘာတွေ စဉ်းစားနေတာလဲကွာ ဟင်"

"အာ ... လူကို ကလေးလို့ မခေါ်စမ်းပါနဲ့၊ ကြက်သီးထလို့ပါ"

"ဒါဆို ဘယ်လိုခေါ်ရမှာလဲ၊ အသည်းလေးလား ပူတူးလေးလား ဘေဘီလေး ..."

"တော်ပါတော့ဗျာ တော်ပါတော့၊ ကလေးပဲခေါ်တော့ ဟုတ်ပြီလား"

"အဟင်း ... ကလေးက သိပ်ချစ်ဖို့ကောင်းတာပဲကွာ"

"အင့် ..."

သူ အသည်းယားလာရင်း လေချို့ပါးလေးကို ဖွဖွလေး လိမ်ဆွဲလိုက်တော့

အသံက အင့်ခနဲ။ ချစ်လိုက်တာ ချစ်လိုက်တာ ... ဒီကလေးကို ချစ်ရလွန်းလို့ သူ့မှာ စိတ်ပူရပေါင်းလည်း များနေပြီ။ မစောင့်ချင်တော့ဘူး သူကလေးကို ပိုင်ဆိုင်ရဖို့ နည်းနည်းလေးမှကို မစောင့်ချင်တော့ပါ။

"ကျွန်တော် ပြောစရာရှိတယ်"

"အင်း ပြောလေကလေး၊ ဘာပြောမလို့လဲ"

"ကျွန်တော်က နေချိုဖြန်းမဟုတ်ဘူး"

"အဟွန်းဟွန်း ... လူကို ဘယ်အချိန်ထိ နှိပ်စက်နေဦးမှာလဲ ကလေးရာ ..."

"မဟုတ်ပါဘူး ကျွန်တော် တကယ်ပြောနေတာ"

"တော်တော့ကလေး ... ကလေးရဲ့ဟာသက မရယ်ရဘူး၊ ကိုယ် ... ကလေးကိုစောင့်လာခဲ့တာ အချိန်တွေ သိပ်ကြာခဲ့ပြီ ခုတော့ မစောင့်နိုင်တော့ဘူး"

"လွဲနေပြီနော် အကြီးကြီးကို လွဲနေပြီ၊ ဒီမှာ ကျွန်တော့်ကို သေချာကြည့် တွေ့လား ... လေချိုဖြန်း၊ နေချိုဖြန်းမဟုတ်ပါဘူးဆို"

သူက ခပ်ဟဟလေး တစ်ချက်ရယ်ရင်းက ဘောင်းဘီအိတ်ထဲက ဖုန်းလေးကို ထုတ်ဖွင့်၍ ...

"ဒါဆို သူကရော ဘယ်သူလဲ"

"ဟာ ... အဲဒါက"

"နေချိုဖြန်းဆိုတဲ့ ကလေးပဲလေကွာ"

အမလေးလေး ... ... ဒီလိုခွဲမရအောင်တူနေမှတော့ ဘယ်သူက ကိုယ်ဟာ လေချိုဖြန်းဆိုတာ ယုံကြမှာတုန်း။ မထင်ထားမိဘူး နေချိုဟာ ကိုယ်နဲ့ ရုပ်ချင်းတစ်ထေရာတည်း တူနေလိမ့်မယ်လို့။ လေချိုမှာဖြင့် အံ့သြပြီးရင် အံ့သြရုံမှလွဲ၍ ဘာစကားမှ မပြောတတ်တော့ပါ။

"နောက်တစ်ခါ ကိုယ့်ကို မကျီစားနဲ့တော့နော်၊ စိတ်မထိန်းနိုင်ရင် အခုပဲ အခန်းထဲ ပွေ့ခေါ်သွားလိုက်မှာ"

ဆတ်ခနဲ ကိုယ့်ခါးအား ဖက်တွယ်လာတာတောင်မှ လေချိုမှာ အတွေး နယ်ချဲ့နေရ၍ သတိပင်မထားမိ။ နဖူးပေါ်သို့ ခပ်ချွန်ချွန်အရာတစ်ခု နားခို လာမှ အသိစိတ်ကာလေတော့သည်။

"ဟာ ... ဟိတ်လူ ဘာလုပ်တာလဲဗျ"

"ဘာလုပ်ရမှာလဲ နမ်းလိုက်တာလေ ကိုယ့်အပိုင်ကို ကိုယ်နမ်းတာ ဘာဖြစ်မှာကျလို့"

"ခင်ဗျား ..."

"ကဲပါ ဒေါသတွေ ထွက်ပြမနေနဲ့တော့ အချိန်လည်း မစောတော့ဘူးဆိုတော့ ကိုယ်ပြန်မယ် ထွက်မပြေးပဲ လိမ်လိမ်မာမာနေခဲ့နော် ကိုယ်စိတ်ချမယ်"

"ကြွစရာရှိတာသာ အမြန်ကြွ"

ဘောက်ဆတ်ဆတ် ပြောလိုက်တောင်မှ သူ့မျက်နှာပေါ်ရှိ အပြုံးလေးသည် ပျောက်ကွယ်မသွား။ လက်ညှိုးကို နှလုံးသားရှိရာဘက်သို့ ထောက်ပြီး ကိုယ့်အား ပြန်ထိုးလိုက်တော့ ကြက်သီးတွေ တဖြန်းဖြန်း ထသွားရတာပင်။ ပြောချင်တာက သူ့နှလုံးသားဟာ ကိုယ်ဖြစ်တယ်ပေ့ါ ... ...။

ဘုရား ဘုရား ကြားထဲက လင်ရမယ့်အရေးကိစ္စပါလား လေချိုဖြန်းရေ ...။

ဧည့်ခန်းထဲမှ ထွက်လာတော့ အိမ်ရှေ့တွင် စောင့်နေသော ဦးမျိုးမဟာ အား တွေ့ရပါသည်။

"ဘယ်လိုလဲ မောင်နေခွန်းအိမ်၊ အခြေအနေဘယ်လိုလဲ"

"မလွယ်ဘူး ဦးလေးရေ ... ကလေးက သူ့ကိုယ်သူ လေချို့ဖြန်းလို့ ပြောနေတယ်လေ"

"မဖြစ်နိုင်တာကြီးပါကွာ အငယ်ကောင်က ဘန်ကောက်ကို ထွက်သွားတာဖြင့် ၁၀နှစ်ရှိနေပြီ၊ ဘယ်လိုလုပ် ပြန်လာလို့ရမလဲ၊ မွေးတာက ၅မိနစ်ပဲခြားတာ ပြီးတော့ ငယ်ငယ်ကတည်းက ရုပ်ချင်းတူတာလည်း မဟုတ်ပဲနဲ့"

"ဟုတ်ကဲ့မေမေက အကြောင်းစုံပြောပြထားလို့သာ တော်တာပေါ့ မဟုတ်ရင် ကျွန်တော်ယုံမိမှာဗျ"

နှစ်ဦးသား သဘောတကျလေး ရယ်မိကြသည်။ ကိုယ့်မှာတော့ ဧည့်ခန်းပေါက်ဝကနေ ချောင်းကြည့်ပြီး မရယ်နိုင် မပြုံးနိုင်တဲ့ဖြစ်ခြင်း။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ ဧနာရီလည်း ထိုးခါနီးနေပြီဆိုတော့လေ"

"အေးကွာ အေးအေး၊ ဂရုစိုက်ပြန်ပါ မောင်နေ"

"ဟုတ်ကဲ့ဦးလေ သွားပြီဗျ"

ဦးမျိုးမဟာ လက်ပြနှုတ်ဆက်လိုက်ပါသည်။ ခဏနေတော့ ကားပြန်ထွက်သွားသံ ကြားရတာကြောင့် ဧည့်ခန်းမှတိတ်တိတ်လေး အပေါ်ပြန်တက်ဖို့ ကြံရွယ်လိုက်ပေမဲ့ ဖေဖေ့ခေါ်သံကြားရသဖြင့် ရောက်တဲ့နေရာကနေ ရပ်လိုက်ရပါသည်။

"နေချို့ဖြန်း ..."

"ဗျာ ဒယ်ဒီ"

"မင်းလုပ်ပုံတွေ မဟုတ်သေးဘူးနော်၊ ကြပ်ကြပ်သတိထား"

ဒယ်ဒီရဲ့သတိပေးသံစကားဆုံး ညစ်နေတဲ့စိတ်က ပို၍ ညစ်ချင်လာ၏။ မှားပြီ ... ငါတော့မှားလေပြီ။ မြန်မာပြည် ပြန်မလာတာကမှ

အကောင်းသား အခုတော့ ထိုင်နေရာကအကောင်း ထသွားမှကျိုးမှန်းသိဆို တာ ဒါမျိုးပဲနေမယ်။ မာမီရေ … … သားယောက်ျားရတော့မယ် မာမီရဲ့အီးဟီး … …ဗြဲ။

လေးကန်သော ခြေလှမ်းတို့သည် လှေကားထစ်ကနေ မကျော်နိုင်ကြပေ။ ဒီအတိုင်းသာဆို နေချိုနေရာ့ကို သူဘယ်သူမှမသိဘဲ ဝင်နေရတော့မည်။

ဟင့်အင်း … မယူနိုင်ဘူး ဘာကိစ္စယူရမှာလဲ နေချို့ဘဲပဲ နေချိုပဲယူရမှာပေါ့ … ခက်တာက သူ ဘယ်ရောက်နေတာလဲ။ ပြောပုံအရ စေ့စပ်ပွဲက မကြာမီ ကျင်းပကြတော့မှာ …၊ မရဘူး မရဘူး … ငါဘယ်နည်းနဲ့မှ ဦးနေခွန်းအိမ်နဲ့ မစေ့စပ်နိုင်ဘူး … နေချိုဖြန်း နင့်ကိုငါ မတွေ့တွေ့အောင်ရှာမယ်။ ဒါတွေအားလုံး နင့်ကြောင့်ဖြစ်တာ။

"အို အိုး … ခေါင်းတောင်မူးလာပြီ သွေးတိုးတော့မယ် မူးပါလဲတော့မှာ အမလေး အမလေး"

အခန်းတံခါးကို ဖွင့်ပြီး ခုတင်ပေါ်တက်ကာ အားရှိပါးရှိ မူးလဲချလိုက်သည်။ လေချို့ရောဂါဟာ ပေါ့သေးသေးတော့ မဟုတ် … Make Me Ailment သာဖြစ်ပါတော့သည်။

***

## Part (2)

"မသွားရဘူး"

"ဟိုနားလေးတင်ကို ဒယ်ဒီကလည်း"

"နေချိုဖြန်း ... ငါကမသွားနဲ့ဆို မသွားနဲ့ပေါ့၊ ဟိုနား ဒီနားလေးဆိုပြီး လစ်ထွက်ခဲ့ပေါင်းလည်း များနေပြီ ဒီတစ်ခါတော့ မရတော့ဘူး၊ အခန်းထဲ သော့ပိတ်မထားခဲ့တာပဲ ကံကောင်းတယ်မှတ်ပါ"

ဒယ်ဒီဆီက ဆုံးမဩဝါဒတွေ ခံယူလို့အပြီးမှာ စိတ်နဲ့ကိုယ်ဟာ ဂျုံးဂျုံးကို ကျသွားပါပြီ။ မနက်စာ စားပြီးလို့ အပြင်ခဏသွားချင်ပါတယ်ဆိုမှ ဘူးဆိုပြီး ခံလွှတ်တာမို့ လေချိုမျက်နှာ ငိုမဲ့မဲ့လေး ဖြစ်သွားလေ၏။ လမ်းထိပ်မှာ မုန့်သွားဝယ်စားချင်တဲ့ စိတ်ကလေးတောင် ဘယ်ကနေ အစကောက်ရမှန်းကို မသိအောင်ပါ။ မနေ့တုန်းကလို အခန်းတံခါးကို သော့ပိတ်ထားဖို့ အစီအစဉ် မရှိပေမဲ့လည်း လွတ်လပ်ခွင့်တော့ တစိုးတစိလေးမှ မပေးခဲ့ခြင်း။

သူကတော့ ရုံးအဝတ်အစားဝတ်ပြီး အလုပ်သွားတော့မည်။ ကိုယ့်ကျတော့ အိမ်မှာ ပျင်းရိချောက်ချားစရာ အိမ်စောင့်နတ်အဖြစ် ထားခဲ့လေတယ်။ ဒါ ... လုံးဝမတရားတာပဲ။

"မိဘုံအပါအဝင် အားလုံးကို ငါမှာထားမယ်၊ နင်တို့ရဲ့ကိုကိုကြီးကို အပြင်လုံးဝပေးမထွက်မိစေနဲ့၊ အဲလိုမှမဟုတ်ပဲ ငါ့အမိန့်ကို ဖီဆန်မယ်ဆိုရင် နင်တို့ အားလုံးသေပြီသာမှတ်"

အားလုံးသော အလုပ်သမားများသည် ဦးမျိုးမဟာကို ရိုသေစွာဖြင့် လက်ကလေးနောက်ပိုက်ကာ ဦးညွတ်ကြသည်။ ပြီးမှ ဒယ်ဒီဟာ မိမိဘက် ပြန်လှည့်လာကာ ...

"ငါပြန်လာလို့မှ အိမ်မှာရှိမနေရင် စေ့စပ်ပွဲကိုကျော်ပြီး တစ်ခါတည်း မင်္ဂလာပွဲလုပ်လိုက်မှာနော် နေချိုဖြန်း ..."

ထိုသို့ ခြိမ်းခြောက်စကားပြောပြီး ဒယ်ဒီ ကုမ္ပဏီ ထွက်သွားလေသည်။ သက်ပြင်းကို မသိမသာလေး ချမိလိုက်ရင်းက လေချို အပေါ်ပြန်တက်ဖြစ်သည်။ ပျင်းလိုက်တာလွန်ပါရော ...

မြန်မာနိုင်ငံမှာ ရှိသမျှနေရာအကုန် လျှောက်လည်ပစ်ပါမယ်ဆိုကာမှ ခုများမှာတော့ လှောင်အိမ်ထဲက ငှက်တစ်ကောင်လို ဟိုဖျတ်ဖျတ် ဒီဖျတ်ဖျတ်နဲ့ ဂနာမငြိမ် တောင်ကြည့်မြောက်ကြည့်လုပ်ရုံမှလွဲ၍ ကိုယ်ဟာ ၁၀၉ ၁၁၀ သာသာ။ အပျင်းပြေအောင် ဖုန်းပွတ်၊Tvကြည့်ရအောင်လည်း လေချို ထိုအရာတွေကို အဲလောက်စိတ်မဝင်စားပါ။ တစ်ယောက်တည်း ယောင်ချာချာဖြင့် အခန်းကိုလှည့်ပတ်ကြည့်လိုက် ခြံဝင်းထဲကိုကြည့်လိုက်နဲ့ နေ့လယ်သို့ ရောက်လုနေပြီ။ ဒယ်ဒီ နေ့လယ်စာကို အိမ်မှာများ ပြန်လာစားလေမလား။

"ကိုကိုကြီး"

"အမလေး ... ပွတ်ကျွတ်၊ ဟာ ... လန့်လိုက်တာမိဘုံရာ လာရင်လည်း အသံလေးဘာလေးပေးမှပေါ့"

အတွေးပင်လယ်ထဲ လက်ပစ်ကူးနေစဉ် မိဘုံရဲ့ရုတ်တရက်အသံကြောင့် လေချို လန့်ဖျပ်သွားရပါ၏။

"တောင်းပန်ပါတယ် ကိုကိုကြီး၊ မိဘုံ သတိမထားမိလိုက်လို့ပါ"

"ထားတော့ ... လာရင်းကိစ္စက ဘာလဲ"

"နေ့လယ်စာ စားချိန်ရောက်ပါပြီ ထမင်းစားဖို့ လာခေါ်တာပါ"

"ဒယ်ဒီရော အိမ်ပြန်လာစားမှာလား"

"သခင်ကြီးစားဖို့ ထမင်းချိုင့်ကို အလုပ်သမားတစ်ယောက်နဲ့ သွားပို့ခိုင်းလိုက်ပါပြီ ရုံးမှာပဲ စားပါလိမ့်မယ်"

"အင်းပါ ..."

"နေ့လယ်စာ အခုပဲ စားတော့မလား ကိုကိုကြီး"

"တော်ပါပြီ မစားတော့ပါဘူး၊ ရေခဲသေတ္တာထဲက တွေ့တာတစ်ခုခုပဲ ယူစားလိုက်တော့မယ် မိဘုံလည်းနားတော့လေ ပင်ပန်းနေရောပေါ့"

"ဒါဆို မိဘုံကို ခွင့်ပြုပါဦးရှင့်"

မိဘုံထွက်သွားပြီ မကြာမီ လေချိုလည်း အောက်ထပ်ဆင်းပြီး ရေခဲသေတ္တာထဲက ပန်းသီးတစ်လုံးကို ယူပြီး ခြံထဲဆင်း၍ စားနေလိုက်၏။ တော်သေးတာပေါ့ ခြံထဲမှာ သစ်ပင်ပန်းပင်တို့ ရှိနေလို့သာပေါ့ နို့မို့ဆို ပျင်းလို့သေမှာပဲ။ မျက်စိအစားကျွေးစရာ ပန်းလှလှလေးတွေဟာ ခြံဝင်းထဲဝယ် လှချင်တိုင်းလှနေကြ၏။

"အွန်း ... ဟုတ်သားပဲ၊ ငါ့အထုပ်တွေ ပြန်တောင်းရဦးမှာပါလား"

မနက်ကတည်းက တောင်းဖို့စဉ်းစားမိတာပါ ... ဒါပေမဲ့ ဒယ်ဒီရဲ့စိတ်ညစ်စရာ စကားများကြောင့် အားလုံးက မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာလေ။ ဒီညနေမှာတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ကို ကိုယ့်ရဲ့ Free Styleဝတ်ရမှဖြစ်ပါမည်။ ဟိုဗီရိုထဲက ပုံတုံးတုံးအဝတ်အစားတွေကို လေချို တစ်စက်ကလေးမျှ ဝတ်ချင်တာမဟုတ်၊ ထိုအဝတ်အစားတွေက လုံခြုံပြီး အိုက်လှသည်။ လေချိုဖြန်းနဲ့ နည်းနည်းလေးကို ကီးမကိုက်တာပါ။ ထို့ကြောင့်ပဲ အိမ်ထဲကို ပြန်ဝင်ဖြစ်၏။

"ဟိတ် ဟိတ် ... ဒီကို ခဏ"

ကံကောင်းစွာပင် မိဘုံကို အောက်ထပ်မှာ တွေ့ရသဖြင့် ကိုယ့်အနားလာရန် လှမ်းခေါ်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ ကိုကိုကြီးရှင့်"

"မနေ့က ငါ့အိတ်တွေ နင်တို့ ဘယ်သဝေထိုးလိုက်ကြတာလဲ အခန်းထဲမှာလည်း မတွေ့ပါလား"

"ရှိပါတယ် ကိုကိုကြီးရဲ့အခန်းထဲမှာပါ"

"အေးလေ ငါလည်း အခန်းထဲမှာရှာတာ ဒေါင်ချာကို မွှေနေတာပဲ မတွေ့ပါဘူး"

"မိဘုံပြောတဲ့အခန်းက ကိုကိုကြီး အခုနေတဲ့ အခန်းကိုပြောတာ မဟုတ်ပါဘူး၊ ကိုကိုကြီး နေနေကျ အခန်းထဲမှာပါ"

"ငါ နေနေကျ ... ဟုတ်လား"

"ဟုတ်တယ်လေ ကိုကိုကြီး မမှတ်မိဘူးလား"

"သြော် ... ငါဘယ်မှတ်မိပါ့မလဲ ဒီအိမ်က ငါ့အိမ်မှမဟုတ် ... ကျစ် ... ထားလိုက်ပါတော့ ... မိဘုံပဲ အခန်းရှိရာ လိုက်ပြပေးတော့ နော်"

"ဟုတ်ကဲ့"

မိဘုံခေါ်ဆောင်ရာအတိုင်း လိုက်ခဲ့ရပြန်သည်။ နေ့တစ်နေ့မှာ ဒီအိမ်၏ လှေကားကို ဘယ်နှခါလောက် အတက်အဆင်းလုပ်ရလဲ မသိတော့။ သေချာတာတစ်ခုက တစ်ခါတက်တိုင်း ခြေထောက်ညောင်းခြင်းသည်ပင်။ ရှည်လိုက်သည့် လှေကား ...။ မိဘုံကတော့ ကျွမ်းကျင်အဆင့်မို့ အပေါ်မှာ သာသာလေး ရောက်နှင့်နေပြီ။ ကိုယ့်မှာသာလျှင် လှေကားလက်ရန်းကို မှီ၍ အမောဖြေနေရသေး၏။ ပြီးကာမှ မိဘုံနဲ့အတူ အခန်းဆီသွားရသည်။

"ဒီအခန်းပါပဲ ကိုကိုကြီး"

"အင်း ... အမလေး၊ အမောစို့ပြီး မသေရုံတမယ်ပဲ ကျေးဇူး မိဘုံရေ ... ကျေးဇူး ဟောဟဲ"

"ခဏလေးနော် ကိုကိုကြီး၊ မိဘုံ သံပရာရည် ပြေးယူလိုက်ဦးမယ်"

ပြောပြောဆိုဆို မိဘုံက အောက်ထပ် ပြန်ဆင်းသွား၏။ လေချို ရင်ဘတ်ကို ဖိလိုက်မိသည်။

"ဘုရား ... သူမို့လို့ တက်လိုက်ဆင်းလိုက် လုပ်နိုင်တယ် ...၊ ဝေါင်း ... ... သက်လုံကောင်းလိုက်တာ"

အခန်းတံခါးကို ဖွင့်ကြည့်တော့ သပ်ရပ်လှပသည့် အခန်းတစ်ခုရဲ့ပြင်ဆင်မှုဟာ ဘွားခနဲ လေချိုရှေ့ပေါ်လာပါသည်။ အခန်းတစ်ခုလုံးကို အဖြူရောင်ပစ္စည်းများနှင့်သာ အလှဆင်ထားပြီး ခေါင်းအုံး စောင် မွေ့ရာ ခုတင်ကအစ အဖြူရောင်ချည်းသာ။ အရွယ်ရောက်တဲ့အထိ နေချို့အကြိုက်ဟာ ပြောင်းမသွားပါတကား။

အမြွှာဆိုပေမဲ့ နေချိုနဲ့လေချိုက ၃နဲ့၄လိုမျိုး အကြိုက်ချင်း၊ စိတ်ဓာတ်ချင်းသည် လုံးဝဆန့်ကျင်ဘက် အနေအထား။ သိတတ်စအရွယ် ကတည်းက နေချိုဖြစ်န်းသည် ရန်အေးသည်၊ အပေါင်းအသင်းခံမင်သည်၊ စကားနားထောင်၍ လူသိများသည်။

လေချိုဖြစ်န်းမှာ ထိုသို့မဟုတ် စွာသည်၊ ပက်ခနဲ ပြန်ပြောတတ်တဲ့နေရာမှာ သူ့အပြင်နှစ်ယောက်မရှိ၊ အပေါင်းအသင်း မရှိသလောက်ရှား၍ ဒယ်ဒီ မာမီတို့နဲ့(မကွာရှင်းခင်)တွဲလာရင် ဒီကလေးက ဘယ်သူ့ကလေးလဲလို့ မေးရလောက်အောင် ကိုယ့်ကို လူသိနည်းခဲ့တာလေ။ ဒါကြောင့်လည်း ဒယ်ဒီက သူနဲ့နေဖို့ နေချိုကိုပဲ ခေါ်ထားခဲ့တာသာ ကြည့်တော့။

"သံပရာရည် သောက်ပါဦး ကိုကိုကြီး"

"ခုံပေါ်မှာသာ တင်ထားလိုက်တော့ မိဘုံရယ် ..."

မိဘုံက အလိုက်သိစွာပင် သံပရာရည်ခွက်ကို ခုံပေါ်တင်အပြီး ပြန်ထွက်သွား၏။ ကိုယ့်မှာတော့ မောတာရော ညောင်းတာရောပေါင်းပြီး ခုတင်ပေါ်မှာသာ ခွေခွေလေး ငြိမ်ကုပ်နေရသည့်အဖြစ်။

"နေချိုရေ ...၊ နင်ဘယ်လိုများ အသက်ရှင်နေနိုင်တာလဲဟာ၊ ငါဖြင့် အံ့သြလို့ကို မဆုံးတော့ဘူး"

***

ညနေက ဒယ်ဒီအလုပ်ပြန်နောက်ကျတာကြောင့် ဖနာရီဝန်းကျင်လောက်မှ အိမ်ကိုပြန်ရောက်သည်။ ဒယ်ဒီ့ကို မစောင့်နိုင်တော့လို့ လေချိုလည်း တစ်ယောက်တည်း ညစာစားလိုက်တယ်။ မနက်က နေ့လယ်စာ မစားထားလေတော့ ၅နာရီမထိုးခင် ဗိုက်သည် နှိုးစက်ပေးလာသဖြင့် ရေချိုးပြီးပြီးချင်း စားလိုက်တာလေ။ ဒယ်ဒီ မပါလို့လားမသိ ... ခရမ်းချဉ်သီးရဲ့မျက်နှာတောင် မတွေ့ရ ကောင်းလိုက်တာ။

ဖနာရီထိုးတော့ ဒယ်ဒီပြန်ရောက်သည်။ သူတစ်ယောက်တည်းတော့မဟုတ်၊ ဦးနေခွန်းအိမ်ပါ ပါလာသည်။ ထို့ကြောင့်လည်း နေချို အောက်ထပ်မဆင်းပဲ အခန်းထဲမှာသာ ဖာသိဖာသာနေမိပါ၏။ ဒါတောင် ဒယ်ဒီက အောက်ထပ်ခဏဆိုပြီး မိဘုံနဲ့အမှာတော်ပါးသေးတာ။

လေချိုဖြန်းပဲ ဘယ်ရမလဲ ... ဘူးခံပြီး မိဘုံကို ပြန်လွှတ်လိုက်တာပေါ့ ... အဲဒီမှာတင် ငါးပါးက စမှောက်တာပါ။

"ကလေး ... ဘာလို့ အောက်ထပ် ဆင်းမလာရတာလဲ၊ ဦးလေးခေါ်နေတယ်လေ"

"ဟာ ... ဟိတ်လူ၊ ဘာလို့ သူများအခန်းထဲကို တံခါးမခေါက်ပဲ ..."

ပြောလို့မဆုံးသေးခင်မှာပဲ သူက အခန်းတံခါးကို ပိတ်ပြီး လေချို့ဆီလှမ်းလာသည်။ သူ့မျက်ဝန်းထဲမှာလည်း အရောင်တစ်မျိုးတောက်ကာ မျက်ခုံးတွေ တွန့်ချိုးနေလို့ရယ်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ ကလေး"

"ဟမ် ... ဘာဖြစ်လို့လဲ"

သူ့မေးခွန်းကို လေချိုနားမလည်လိုက်။ သူ ဘာပြောချင်တာပါလိမ့်၊ မေးပုံကိုက အရင်းမရှိ အဖြားမရှိ။ အောက်ထပ် ဆင်းမလာလို့များလား ... ...

"သြော် အောက်ထပ်လား၊ အဲဒါကလေ ..."

"မဟုတ်ဘူး"

"ဗျာ ..."

"ကိုယ်ပြောချင်တာက ..."

ရုတ်တရက် စကားကိုရှေ့မဆက်ပဲ ကိုယ့်ဆီသို့ တည့်တည့်ကြီး လျှောက်သည့်သူ။ လက်ကလည်း သူ့ခန္ဓာကိုယ်ပေါ်ရှိ တစ်စုံတစ်ရာအား ဆွဲချွတ်၍ ...၊ မဟုတ်မှလွဲရော။ ... ...။

"ဟိတ် ... ဟိတ်လူ ရှေ့မတိုးလာနဲ့နော်၊ ဒယ် ... ဒယ်ဒီ့ကို ခေါ်လိုက်မှာနော်"

သူသည် အပြုံးတောင်မပျက်၊ ကိုယ့်အနားကို နီးသထက်နီးအောင် ကပ်လာနေပါသည်။ လေချို ... နောက်ကို သုံးလှမ်းစာလောက် ဆုပ်မိ၏။ ဟင့်အင်း ... ဟင့်အင်းနော် ကျွန်တော် ခင်ဗျားရဲ့မဟေသီ မဖြစ်ချင်ဘူး။

"ဦးနေခွန်းအိမ် ခင်ဗျားနော် မယုတ် ... မာ"

ခါးထက်သို့ လက်နှစ်ဖက်တိုးဝင်လာပြီး တစ်စုံတစ်ရာဖြင့် တင်းခနဲနေ

အောင် ဆွဲချည်ခြင်း ခံလိုက်ရ၏။ လက်စသတ်တော့ ကိုယ့်ခါးကို သူ့ရဲ့ အပေါ်ခံအင်္ကျီနဲ့ ချည်လိုက်တာကိုး။ တော်သေးတာပေ့ါ ဒီက တခြားဟာ လုပ်မယ်ထင်လို့။

"ဘာလို့ ဒီအဝတ်အစားတွေ ဝတ်ရတာလဲ၊ ဒါ ... ကလေးအတွက် မလုံခြုံဘူးနော်၊ ကြည့်ဦး ဒူးတစ်လံ ပေါင်တစ်လံနဲ့"

ကိုယ့်အောက်ပိုင်းကို ကြည့်ပြီး စိုးရိမ်စကားဆိုလာသည့် သူ့ကြောင့် လေချိုမှာ ရယ်ချင်လာ၏။ ဘာတဲ့ ဘာတဲ့ ... ဒူးတစ်လံ ပေါင်တစ်လံဆိုပါလား ... ကျွန်တော် မရယ်ချင်ဘူးနော် ဦးနေခွန်းအိမ်။

"ကလေး ကိုယ်ပြောနေတာ ကြားရဲ့လား"

"ကြား ... ကြားပါတယ်"

"ကြားရင် ဘာလို့ပြန်မဖြေတာလဲ"

"ခစ်ခစ် ရယ်ချင်လို့"

"ဘာ"

"ဟုတ်တယ်လေ ကျွန်တော့်ဖာသာ ဒူးတစ်လံ ပေါင်တစ်လံမကလို့ ကိုယ်လုံးတီးပဲနေနေ ခင်ဗျားနဲ့ဘာဆိုင်လဲ ကျွန်တော်ကြိုက်လို့ ဝတ်တာပဲဟာ"

"မရဘူး ကိုယ်ခွင့်မပြုဘူး"

ကြည့်စမ်း ... ပိုင်စိုးပိုင်နင်း။ သူခွင့်မပြုရအောင် သူနဲ့ကိုယ်က ဘာတွေမို့လို့လဲ ... ဒီလို Curt Size ဘောင်းဘီတိုဟာ ဘန်ကောက်မှာ လေချိုဝတ်နေကျ စတိုင်၊ အရာရာတိုင်း လိုက်မပိတ်ပင်နဲ့နော် ဘဲကြီး၊ ကိုယ့်အကန့်နဲ့ကိုယ်နေ လေချိုဖြန်းတဲ့ ဘာမှတ်နေလဲ ကိုင်ပေါက်လိုက်ရ။

"ခွင့်မပြုလည်းမတတ်နိုင်ဘူး ကျွန်တော်ကတော့ ဝတ်မှာပဲ၊ ကြည့်ပါဦး

ဘယ်လောက်တောင် Sexy ကျလိုက်လဲ"

ပြောပြောဆိုဆို ခါးထက်က အင်္ကျီကိုဆွဲလှန်တင်ကာ ဖြူဥဥပေါင်သား အလှကို သူမြင်အောင် လက်ချောင်းလေးတွေဖြင့် ထိတွေ့ကလိပြနေ၏။

ကျစ် ... ... ဒီကောင်လေးတော့ကွာ။

"မိုက်တယ်မလား"

"မမိုက်ဘူး"

ပြောပြီး အင်္ကျီကို အောက်သို့ဆွဲချသည်။ လေချိုက ပြန်လှန်တင်သည်။

"သေချာကြည့်ပါဦး ဒီလောက်မိုက်တာကို ... ဒီလိုလေးလေ ဒီလို ဒီလို Sexyလေး"

ရား ... ... သူ့ပေါင်ကို ပေါ်လိုက် မပေါ်လိုက်လုပ်နေတာများ ကိုယ်ရှိမနေတဲ့ အတိုင်းပါပဲလား။ ကိုယ့်မှာတော့ စိတ်တွေကို မနည်းထိန်းချုပ်နေရတာ၊ အခန်းထဲဝင်လာကတည်းက ကလေးရဲ့မပေါ်တပေါ်အနေအထားကြောင့် စိတ်က ကမောက်ကမဖြစ်နှင့်နေပြီ။ ဒါတောင် ဒင်းလေးက ပုံစံအမျိုးမျိုးနဲ့ မြူဆွယ်နေတယ် ခက်တော့တာပဲ။

"ကလေး ... စကားနားထောင်စမ်းပါကွာ၊ အဲလို မလုပ်နဲ့ ချထားလိုက်"

"ဟင့်အင်း လုပ်မှာပဲ ဒီမှာလေ"

"ကျွတ် ...၊ ပြောရဆိုရ တကယ်ခက်ပါလားကွာ"

"ခင်ဗျားကိုလည်း တစ်ထည်ပေးမယ်လေ Coupleပေါ့ ခင်ဗျားနဲ့ဆို အရမ်းမိုက်မှာ အဟား ..."

"ပေါက်ကရတွေ သိပ်မပြောနဲ့၊ သွား ... အခုချက်ချင်း တခြားဟာ လဲလာလိုက်"

"Noပါ Noပါ ...။ အန်ကယ်ကတော့ No ... No ... No ... ပါ"

ဆံပင်ကြားထဲ လက်ထိုးဖွ၍သာ သူ ... ရပ်ကြည့်နေမိတော့သည်။ ထူးတော့ထူးခြားနေပြီ ... ဟိုတုန်းကနေချိုဖြန်းနဲ့ ယခုနေချိုဖြန်းဟာ လုံးဝကိုတစ်ယောက်စီလို ... အရင်ကနေချိုဖြန်းသည် သူ့ကို ပြန်ခံပြောဖို့နေနေသာသာ သူ့ရှေ့ရောက်ရင် ခေါင်းလေးငုံ့ပြီး ငြိမ်နေရှာတတ်သူပါ။ ဘယ်လိုဖြစ်လို့များ ဒီလောက်တောင် ရွှတတ်သွားတာလဲ ... စဉ်းစားလို့ကိုမရတော့ဘူး။

"ကလေး ... ကိုယ်တောင်းဆိုတယ်ကွာ လဲလိုက်နော်၊ ကလေးအတွက်လည်း မကောင်းသလို ကိုယ့်အတွက်လည်း မကောင်းဘူး"

"ကောင်းပါတယ် ဒါတွေက ကျွန်တော်ဝတ်နေကျပဲဟာ"

"အပိုတွေ ကလေးဘယ်တုန်းက ဒီလို ဝတ်ဖူးလို့လဲ ... တွေ့လိုက်တိုင်း ရှပ်အင်္ကျီနဲ့စတိုင်ဘောင်းဘီရှည်ပဲ ဝတ်တဲ့သူကများ ... ကဲပါ သွားလဲချည်"

"မလဲဘူး ...၊ ဘာလဲ ... ခင်ဗျားက ကျွန်တော့်ပေါင်းသားလှလှလေးကို မြင်ပြီး ပြစ်မှားချင်နေတာလား ဟုတ်လား"

ထပ်မံ၍ ပေါင်းသားကို ဆော့ကစားပြပြန်တော့ စိတ်မထိန်းနိုင်တော့သူ သူ့မှာ ... ...။

"ဟုတ်တယ်ကွာ ကိုယ် ... ကလေးကို ပြစ်မှားချင်နေတယ်၊ အခုလည်း လက်တွေ့ပြစ်မှားတော့မှာ"

"ဟင် ... အို ခင်ဗျားကြီး"

လေဟုန်ပေါ် ပျံတက်သွားတဲ့ခံစားချက်နဲ့အတူ လေချို့ကိုယ်လေးဟာ သူ့လက်နှစ်ဖက်ပေါ်မှာ ပွေ့ချီလျက်သား။ ဘာတုန်း ... သူတကယ် လုပ်မလို့လား။

"ဘယ်လိုလဲ အဆင်သင့်ဖြစ်ပြီလား ကလေး"

"ဗျာ ... မ မဟုတ်ဘူးနော် ကျွန်တော် ခင်ဗျားကို နောက်ပြောလိုက်တာ"

မျက်လုံးလေး ပေကလတ် ပေကလတ်ဖြင့် သူ့ကိုကြည့်ပြီး အံ့သြနေရှာသည့် ကလေးလေး ...။ ကိုယ်တကယ် လုပ်မယ်လို့ ထင်နေတဲ့ပုံပဲ ... ...။ အဟက် နည်းနည်းလောက် စလိုက်ဦးမယ်။

"ကိုယ်ကတော့ အတည်ယူလိုက်ပြီ ... လာ ခုတင်ဆီသွားရအောင်"

"အား ... ... မသွားဘူး မသွားဘူး၊ ခင်ဗျားကြီးနော် မယုတ်မာနဲ့ အော်လိုက်မှာ"

"အော်လည်း ကလေးကို ကိုယ့်လက်ထဲက ဘယ်သူ လာကယ်ရဲမှာလဲကွာ ဟားဟား ..."

သူ၏ လူယုတ်မာလိုရယ်သံဟာ တစ်ခန်းလုံးကို ခြုံလွှမ်းသွားစေပြီး တစ်ယောက်သောသူမှာဖြင့် ကြက်သီးတွေကို ဖြန်းလို့။ ရှန်ရင်းကန်ရင်း သူ့တစ်ယောက်တည်း နေခွန်း လက်ပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်နေ၏။

"ခင်ဗျားကြီး မယုတ်မာနဲ့နော် ... ကျွန်တော့်ကိုလွှတ် အခုလွှတ်"

"မလွှတ်ပေးဘူး ကိုယ်ပြောခဲ့သားပဲ အဝတ်သွားလဲလိုက်ပါလို့ ... စကားမှနားမထောင်တာ ခံပေါ့"

ငြိမ့်ခနဲအိစင်းသွားသော မွေ့ရာထက်ဝယ် လူသားနှစ်ဦးရဲ့အနေအထားဟာ ရင်ခုန်ချင်စရာအတိပါ။ အပေါ်မှအုပ်မိုးနေသော သူ၏ပခုံးကျယ်ကြီးသည် လေချို့ကို ကွယ်ထားရုံသာမက ပျောက်ကွယ်သွားအောင် စွမ်းဆောင်နိုင်လိမ့်မည်ထင့်။

တစ်ဆက်တည်း ကိုယ့်ပခုံးနှစ်ဖက်ဘေး ကျရောက်လာသော သူ၏လက်အစုံကြောင့် ရွှေရင်တို့က ဒိတ်ခနဲပဲ။ မွေ့ရာပေါ်လှဲနေရာမှ ထဖို့လုပ်တော့ နီးကပ်စွာဝင်လာသည့် သူ့မျက်နှာကြောင့် တောင့်တင်းလှတဲ့ ရင်ဘတ်သားအား လက်ဖြင့် အသာတွန်းလိုက်မိသည်။ သူ့ရင်ခုန်သံတွေကို လက်ဖဝါးက

နေတစ်ဆင့် ကြားနေရ၏။

"ကိုယ့်ကို ချစ်ခွင့်ပြုမယ်မလား ကလေး"

"ဟင့်အင်း"

သိသိသာသာပြောင်းလဲလာတဲ့ ကလေးရဲ့အသံကြောင့် သူရယ်ချင်ပေမဲ့ ထိန်းလိုက်ပါသည်။ စောနကလို သူမဟုတ်တဲ့အတိုင်း သူ့အရိပ်အောက်မှာ ငြိမ်ကုပ်နေလိုက်ပုံများ ဖျစ်ညှစ်ပစ်ချင်စရာလေး။

"ဘာလို့လဲ ကလေးရဲ့ စေ့ပဲစေ့စပ်ရတော့မှာပဲကို"

"ခင်ဗျား လူမှားနေတယ် ကျွန်တော်က နေချို့ဖြန်းမှမဟုတ်တာ"

လေချို့စကားအဆုံး ဖျတ်ခနဲဆို နဖူးပေါ်သို့ နွေးတေးတေး အနမ်းတစ်ပွင့် ကြွေကျလာသည်။

"ဒီတစ်ခါ ကိုယ့်ကိုညာရင် နဖူးမဟုတ်တော့ဘူး နှုတ်ခမ်းကို နမ်းပစ်မှာ နော် ကလေး"

"ဒါပေမဲ့ ကျွန်တော် တကယ်ပြောနေတာ ကျွန်တော်ကလေချို ... ... အွန့်"

အပြစ်ပေးတဲ့အနေဖြင့် ကလေးရဲ့နှုတ်ခမ်းဖူးဖူးလေးကို သူအားပါးတရ စုပ်ယူ နမ်းရှိုက်လိုက်တော့သည်။

ညာချင်တယ်ဆို တခြား ညာစရာတွေ အများကြီးပါ ကလေးရယ် ... အခု လို မဖြစ်နိုင်တဲ့ကိစ္စအတွက် မုသားသုံးနေရင် မင်းလေးပဲ အပြစ်ပေးခံထိ မှာ။ ဒါလေးတစ်ခုတော့ မင်းသိဖို့ကောင်းတယ်ကွ။

"အွန့် ... ... အွန်း"

လက်တွေက သူ့ရင်ဘတ်ကို အားနဲ့အတင်းတွန်းဖယ်နေပြီး ဂနာမငြိမ် သော ကလေးကို အနမ်းတို့ ပြတ်တောက်သွားမှာ စိုးတာကြောင့် ခေါင်းကို ကိုင်ကာ အနမ်းတွေကို ပိုကြမ်းတမ်းလိုက်မိသည်။ တစ်ခဏလောက်ကြာမှ

နူတ်ခမ်းချင်း ထိတွေ့မှုကို အသာလေး ခွာ၍ ရပ်တန့်စေလိုက်၏။ ဒီထက်ပို နမ်းမိရင် ကလေးအသက်ရှုကျပ်ပြီး မွန်းသွားမှာစိုးသည့်ကြောင့်ပင်။

"ခင် ... ခင်ဗျား၊ ကျွန်တော့်ရဲ့ First ... First Kiss ကို"

နူတ်ခမ်းသားလေးကို လက်ဖြင့်အုပ်ကိုင်ရင်း ပထမဆုံးအနမ်းကို အံ့သြတကြီး နှမြောတသဖြစ်နေသည့် လေချို။ တခြား သူစိမ်းတစ်ရံမပြောနဲ့ ဘေဘီလေးတွေ ကိုယ့်ကို နမ်းချင်ရင် ပါးပဲပေးနမ်းခဲ့တာ။ အခုများမှာတော့ ... ... ပါသွားပြီ ပထမဆုံးအနမ်းလေး။

"ငါ့ ငါ့ ... အနမ်းလေး"

"Wow ကိုယ်တော့ကံကောင်းတာပဲ ကလေးရဲ့First Kissကို ရလိုက်တယ်ဆိုတော့"

မရတော့ ... လေချိုတစ်ယောက် ခုတင်ပေါ်မှလူးလဲထကာ ဒူးထောက်ပြီး သူ့မျက်နှာကို အုပ်မိုးစေ၍ အကြည့်စူးစူးတို့ဖြင့် ကြည့်လိုက်ပါသည်။

"ဦးနေခွန်းအိမ် ... ... ..."

"ဗျာ ကလေး"

"ခင်ဗျား သိရဲ့လား၊ ကျွန်တော့် First Kissကို ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ၊ ကျွန်တော့်မှာ အနမ်းခံရမှာစိုးလို့ သေသေချာချာ ထိန်းသိမ်းစောင့်ရှောက်လာရတာဗျ"

"ကောင်းတာပေ့ါ အခု ကိုယ်ရလိုက်ပြီလေ"

အလို ... ... သူက ကိုယ့်အနမ်းကို ရလို့ ပျော်နေတာပေ့ါလေ။ ရပ်ကိုက မျောက်လွှဲကျော် ငှက်ပျောသီးရတဲ့ရုပ်နဲ့ ဒေါသတွေ ထွက်လိုက်တာနော်။

"သွား ... အခုချက်ချင်း ကျွန်တော်အခန်းထဲက ... ထွက် ... ... ... ...သွား"

"ဖြည်းဖြည်း အော်ပါကလေးရယ် ကိုယ်ကြားပါတယ်"

"မလိုချင်ဘူး သွားဆို အခုထွက်သွား။ ခင်ဗျားလို Rape Kiss လုပ်တတ်တဲ့ သူနဲ့ တစ်မိနစ် တစ်စက္ကန့်လေးမှတောင် အတူမနေချင်ဘူး သွား ..."

"ကလေးကလည်း မကြာခင်ပဲ ခုတင်ပေါ်မှာ ..."

"ခင်ဗျားမသွားသေးဘူးလား ဟိုမှာ ... အဲဒါနဲ့ ကောက်ပေါက်မှာနော်"

ခုံပေါ်က ခွက်ကို လက်ညှိုးထိုးပြကာ လှမ်းယူမည်လုပ်တော့ ...

"Ok Ok ကိုယ်သွားမယ် ဟုတ်ပြီလား"

"သွား ... မြန်မြန်လေး"

"ကိုယ့်ကလေးက စိတ်ကြီးပဲ၊ ကဲပါ Goodnightနော် အိပ်မက်ထဲ ကိုယ်လာခဲ့မယ် Bye"

သူက မျက်စိတစ်ဖက် မှိတ်ပြပြီးမှ အခန်းထဲကနေ ထွက်သွားသည်။ ဒီတော့မှ လေချိုလည်း စိတ်အနည်းငယ် ချောင်ကျသွားသလိုလိုရှိ၏။

"သွားပါပြီ ငါ့ရဲ့အနမ်းလေး"

ဒီညတော့ နှမြောရလွန်းလို့ လေချိုအိပ်ပျော်တော့မည်မထင်။

***

## Part (3)

"ဒေါက် ဒေါက်"

"ဘယ်သူလဲ"

"မိဘုံပါ ကိုကိုကြီး အောက်ထပ်မှာ အစ်ကိုသွန်း ရောက်နေပါတယ်"

ဘာကြီး ... အစ်ကိုသွန်းဆိုပါလား။ သြော် ... ဟုတ်တာပေါ့၊ သွန်းလှိုင်လေ လေချိုတို့နဲ့ငယ်ငယ်က ကစားဖော်ကစားဖက် ရန်ဖြစ်ဖော်ရန်ဖြစ်ဖက်ကြီး။ မဆိုးဘူး သူ့ဆီကနေ နေချို့သတင်းတွေ နှိုက်ရမယ် ကံကောင်းရင် အပြင်ပါ ထွက်ချင်ထွက်လို့ရနိုင်မယ်။

"အခန်းထဲလာခဲ့ဖို့ ပြောလိုက်ပါ မိဘုံ"

"ဟုတ်ကဲ့ ကိုကိုကြီး"

ဘယ်လောက်မှမကြာလိုက် ... အခန်းတံပွင့်လာကာ ပိန်ပိန်ပါးပါး အသား ဖြူဖြူနှင့် အရပ်ကလန့်ကလားဖြင့် သွန်းလှိုင်ဝင်လာလေ၏။

"နေ မင်းအိမ်ပြန်ရောက်သေးတယ်နော် တို့မှာဖြင့် စိတ်ပူလိုက်ရတာ ကွာ"

"မင်း ... သွန်းလှိုင်နော်"

"အင်းလေ ငါ သွန်းလှိုင်အစစ်ပါဟ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား၊ အဲ နေ့က ဖြစ်ခဲ့တဲ့ကိစ္စကြောင့် ခေါင်းတို့ဘာတို့ ထိသွားသေးလားဟင်"

"ကိစ္စ ... ဘာကိစ္စလဲ"

"ရော် ... နေချိုတို့တော့လုပ်ပြီ၊ ဘာကိစ္စရှိရမှာလဲ နေရဲ့ ... နေနဲ့ အဂ္ဂနဲ့

ဖြစ်ခဲ့တဲ့ကိစ္စလေ"

"အဂ္ဂ ဆိုတာက၊ သူနဲ့ ငါနဲ့က ဘာဖြစ်ခဲ့လို့လဲ"

"ဟာ ... ဘာမှမမှတ်မိတော့ဘူး ထင်တယ်၊ အိမ်ကိုပဲ တန်းတန်းမတ်မတ် နဲ့ ပြန်ရောက်လာတာ တကယ်ကံကောင်းတာပဲ"

သွန်းလှျံပြောသည့် အကြောင်းအရာ လေချို ... တစ်လုံးမှကိုနားမလည် ပါ။ များပြားလွန်းလှပါသည့် ပဟေဠိတွေ ... အစအနကောက်လို့တောင်မရ ခြင်း။ သွန်းလှျံက လေချို့လက်ကလေးကို ဆုပ်ကိုင်လာကာ ခုတင်ထက် ထိုင်ချလိုက်လေ၏။

မယုံနိုင်ခြင်းနှင့်စိတ်လှုပ်ရှားခြင်းတို့ ပေါင်းစုနေသဖြင့် ထိုနှစ်ဦးမှာ စကားထပ် မဆက်ဖြစ်ကြ။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး အကဲခတ်နေဟန်ပင်။ ထိုစဉ် အခန်းတံခါးသည် ပြန်လည်ပွင့်ဟလာပြီး မိဘုံ ... စားသောက်စရာ လာပို့လေ၏။

"ကော်ဖီနဲ့မုန့်လာပို့တာပါ ကိုကိုကြီး၊ အစ်ကိုသွန်း ညနေစာ စားပြီးမှပြန်မှာမလားဟင်"

"မစားတော့ဘူး မိဘုံ၊ ညနေအလုပ်ကိစ္စရှိသေးလို့ ညစာကို ၈နာရီ ၉နာရီ ဝန်းကျင်လောက်မှ ဆွဲဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ အစ်ကိုသွန်း၊ တစ်ခုခု လိုတာရှိရင် အောက်ထပ်က ဖုန်းလေးကို ခေါ်လိုက်ပါနော် ကိုကိုကြီး"

"အင်း အင်း ..."

သွန်းလှျံက ဗန်းပေါ်က ကော်ဖီခွက်ကို ဖျတ်ခနဲ ကောက်မော့လိုက်လေသည်။ စိတ်ဝင်စားစရာတော့ အတော့်ကိုကောင်းနေပြီ ... နေချိုက ဦးနေ ခွန်းအိမ်နဲ့စေ့စပ်တော့မယ် တစ်ဖက်မှာလည်း အဂ္ဂနဲ့အမည်မသိကိစ္စ

တစ်ခု ရှိခဲ့သေးတယ် ဒီကြားထဲမှာ သူက ကိုယ်ယောင်ဖျောက်နေသေးပြန်တယ် အားလုံးကို စပ်ဆက်ကြည့်မယ်ဆိုရင် ... ...။

"သွန်းလျှံ"

"ဟင် ... ဘာလဲ နေရဲ့ ... နေပါဦး ခဏ၊ ခုနက နေ တို့ကို ဘယ်လိုခေါ်လိုက်တာ"

"သွန်းလျှံလို့ ခေါ်လိုက်တာလေ ဘာလို့လဲ"

"နေ ... မင်း တို့ကို ငယ်ငယ်ကတည်းက လျှံလျှံလို့ပဲခေါ်လာခဲ့တာလေ အခုက ... ..."

"အခုက အဲဒါတွေ အရေးမကြီးဘူး၊ ငါမေးတာပဲ မှန်မှန်ဖြေပါ"

"မင်း အရင်လိုမဟုတ်တော့ဘူးနော် နေ၊ လုံးဝကို ပြောင်းလဲသွားသလိုပဲ စကားပြောပုံကအစ"

သြော် ... ... လေချိုဖြန်းပါဆို ဘယ်လိုလုပ် နေချိုပြောသလို လိုက်ပြောနိုင်မှာလဲ တစ်ဒုက္ခ။

"နောက်မှရှင်းပြမယ် မေးတာကိုပဲ ဘာတစ်ခုမှမထိမ်ချန်ပဲ အမှန်အတိုင်း ပြောပေး အိုကေ ..."

"အင်း ... အိုကေ"

"နေချို့မှာ Rsရှိလား ... အဂ္ဂကရောဘယ်သူလဲ ... နေချိုပျောက်သွားတာ ဘယ်နေ့တုန်းကလဲ ... အဲအတောအတွင်း သွန်းလျှံနဲ့ရော ဆက်သွယ်ဖြစ်သေးလား ဘာတွေဖြစ်ခဲ့သေးလဲ ... တစ်ခုခု ..."

"ဖြည်းဖြည်းမေးပါနေရယ် တသီတတန်းကြီးမေးလိုက်တော့ တို့ဘယ်က နေ စဖြေပေးရမှန်း မသိတော့ဘူး"

"အာ ... Sorry Sorry ငါလောသွားတယ် တစ်ခုချင်းစီပဲ ဖြေပေးနော်"

သွန်းလှိုင်ရဲ့အကြည့်က သက်မကင်းဖြစ်နေပုံပင်။ အင်းလေ သူထင်လည်း ထင်ချင်စရာပေါ့ ... နေချိုဖြန်းနေရာကို လေချိုဖြန်းဝင်လာတော့ ဘယ် အစပ်အဟပ် တည့်ပါတော့မလဲ။

"နေ့မှာ Rsရှိတယ် သူ့နာမည်က ရက်မြတ်သစ်၊ အဂ္ဂနဲ့က သူငယ်ချင်း တွေ ဒါပေမဲ့ သူက နေ့ကို ... တစ်ဖက်သတ် အသည်းအသန် Crushနေတာ"

"ဩော် ... ..."

"ပြီးတော့ နေက ပျောက်သွားတာ မဟုတ်ဘူးလေ အိမ်ကနေ ထွက်ပြေး သွားတာ နေ့ဒယ်ဒီက ကိုနေခွန်းအိမ်နဲ့ နေရာချပေးဖို့ စီစဉ်လို့၊ နေတကယ် မမှတ်မိဘူးလား"

"ဒါဆို သေချာပြီ နေချို လမ်းတစ်ဝက်မှာတင် ပျောက်နေတာ"

"ရူးနေတာလား နေရာ ... အခု နေက တို့ရှေ့မှာလေ"

လေချိုက သွန်းလှိုင် အနားကပ်လိုက်ရင်း ...

"ငါက နေချိုဖြန်းမဟုတ်ဘူး သူ့အမြွှာလေချိုဖြန်းပဲ ဟိုတစ်နေ့ကမှ ဒီကို ပြန်ရောက်တာ"

"ဘုရား ... ကယ်တော်မူပါ၊ နေရေ ... မင်း စိတ်တော့ မှန်ပါသေးတယ် နော် ဘယ့်နှယ် ကိုယ့်ကိုယ်ကိုယ် လေချိုဖြန်းလို့ပြောရတာလဲ လေချိုက ထိုင်းမှာလေ"

"ဟုတ်တယ်လေ အခုမြန်မာပြည် ပြန်လာလည်တာ"

"မနောက်ပါနဲ့ကွာ နေက လေချိုလုံးဝမဖြစ်နိုင်ဘူး။ ဖြစ်နိုင်တယ်ပဲထားဦး ဦးလေးက လက်ခံပါ့မလား မဖြစ်နိုင်တာ"

"အာ ..."

ဘယ်လိုတောင် ပိတ်ပြောလိုက်ပါလိမ့် ဆွံ့တောင်အသွားတယ်။ အင်းလေ

ဒီလောက် နှစ်တွေကြာအောင် ခွဲခွာနေရသည့် ကိုယ့်ကို ချက်ချင်းလက်ငင်း ဘယ်သူက လက်ခံပေးနိုင်မှာလဲနော် နားလည်ပါတယ်။

"နေ တို့ပြောချင်တာတော့ မင်း ဆေးခန်းသွားသင့်ပြီထင်တယ်၊ ဒါမှ မဟုတ် စိတ်ရောဂါ အထူးကုဆီ သွားကြည့်ပါလား တို့အသိတွေရှိတယ် တော်လည်းတော်ကြတယ်"

"ဟိတ် ... မင်းငါ့ကိုရူးနေတယ်လို့ ပြောချင်တာလား၊ ဒီမှာ ငါမရူးဘူး ပါးစပ်ကို သေချာကြည့်နော် မ ...ရူး ...ဘူး"

"ရူးတော့မရူးဘူး ဒါပေမဲ့ ယဉ်ယဉ်လေး"

"သွန်းလှိုင် ... ... ... မင်း"

သူ ဒေါသထွက်နေတာကို သွန်းလှိုင်က သဘောတကျဖြင့် ရယ်လေတော့သည်။ ဒီက အမှန်ပြောတာကို မယုံကြဘူး၊ အရူးဘောင်ထဲတောင် ထည့်ကွပ်လိုက်သေးတယ် ဟူး ... မလွယ်ပါဘူး။

"စိတ်လျှော့ပါ နေရာ ... ဒီကစတာကို"

"ငါပြောမယ် မင်းယုံချင်ယုံ မယုံချင်နေ ... အခု နေချိုပျောက်နေတာ တကယ်သေချာပြီ ဒါပေမဲ့ ဒီကိစ္စကို ဒယ်ဒီအပါအဝင် ဘယ်သူမှသိလို့မဖြစ်သေးဘူး ဘာဖြစ်လို့လဲဆိုတော့ နေချိုမှာ ရန်တွေဝိုင်းနေသလို ခံစားရတယ်၊ နောက်ပြီး ဒီကိုလည်း ပြန်မရောက်သေးဘူး"

"အင်း ..."

မယုံကြည်ဟန်ဖြင့် အင်းလိုက်ရုံမှအပ သွန်းလှိုင် ဒီထပ်ပိုပြီး ဘာစကားမှမပြောတတ်တော့ပါ။ မကြုံဖူးပါဘူး ကိုယ့်ကိုယ်ကိုယ် တခြားတစ်ယောက်နဲ့ မှားနေရတယ်လို့ တော်ရုံ ရူးနေတာတော့ မဟုတ်ဘူးပဲ။

"လောလောဆယ် ငါက အကြောင်းအရာကို ဂဃနဏ မသိတော့ မင်းပဲ

အစကနေအဆုံး ပြောပြပေးဦး"

"ဟမ် ... တို့က ... မင်းအကြောင်းကို ပြန်ပြောပြပေးရမယ်"

"အင်းပေါ့"

"ဟိုက် ... ဒုက္ခပဲဟေး ကိုယ့်ဘဝကိုတောင် မမှတ်မိတော့တာပါလား နေရယ်၊ တို့ မင်းကို သနားလိုက်တာကွာ အဲဒါကြောင့် ပြောတာ စိတ်ရောဂါ အထူးကုဆီ ..."

"အဲ စကားကို ဒီမှာတင်ရပ်နော် ဖြတ်ရိုက်ပစ်လိုက်မယ် ဘာမှတ်လဲ"

"ဟာ ရှိတာမှ ဒီသူငယ်ချင်းတစ်ယောက်တည်းကို လုပ်ရက်တယ်ပေါ့"

"အပိုတွေမပြောစမ်းပါနဲ့ သွန်းလျှံရာ၊ ငါကပြောပြဆို ပြောပြလိုက်ပေါ့"

"Noပဲ ပါးစပ်ညောင်းခံပြီး ပြန်မပြောနိုင်ဘူး၊ သိချင်ရင် ကိုယ်ရေးထားတဲ့ နေ့စဉ် မှတ်တမ်းသာ ပြန်ဖတ်ကြည့်တော့ တချို့ကိစ္စတွေက ပြန်ပြောဖို့ အဆင်မပြေဘူး ရော့ ..."

သွန်းလျှံ ကမ်းလာသည့် ခပ်ထူထူစာအုပ်ကို ယူလိုက်ပြီး တစ်အုပ်လုံးကို လှည့်ပတ် ကြည့်လိုက်သည်။ စာအုပ်မှာ အဖုံးကို အပါးစားသစ်သားဖြင့် ဖုံးအုပ်ထားပြီး နေချိုမှတ်တမ်းဟု စာလုံး ရေးထွင်းထားသေးသည်။ ရပြီ ဒီဟာနဲ့ဆို အတော်ကြီးကို အထောက်အကူဖြစ်ပြီ။

"တို့ဆီမှာ မေ့ကျန်ခဲ့လို့ ပြန်လာပေးတာ ... တစ်ခုတော့ ကြိုသတိပေးလိုက်မယ်နေ အဂ္ဂနဲ့ပတ်သက်ခဲ့တဲ့ကိစ္စကို ပြန်အမှတ်ရရင် စိတ်ကို အတတ်နိုင်ဆုံး ထိန်းပါလို့ပြောချင်တယ်"

"Thanksပါပဲ သွန်းလျှံ"

"Ok ... ကဲ တို့လည်း အလုပ်ရှိသေးတာမို့ ပြန်လိုက်ဦးမယ်နေ"

"ခြံဝအထိ လိုက်ပို့ပေးမယ်"

"ရတယ် ရတယ် အေးဆေးသာဖတ်"

သွန်းလျှံ ခုတင်ပေါ်မှဆင်းရင်း ပြန်မည်လုပ်မှာတော့ ...

"သွန်းလျှံ ခဏလေး"

"ပြောလေ နေ"

"ဟို ... မင်းဖုန်းနံပါတ်လေး တစ်ချက်လောက်"

"ဒါလည်း မေ့သွားပြန်ပြီလား"

"အဲဒါက ... ..."

"Sorryပဲနေ တို့ဖုန်းနံပါတ်တောင် မေ့ရတယ်လို့ သိပ်စိတ်မကောင်းချင်ဘူး သိချင်ရင်တော့ ကိုယ့်ဖာသာစုံစမ်းလိုက် ဒီအိမ်ထဲမှာတင် ရနိုင်တယ်"

"အောက်မှာ ဈေးကဆစ်နေသေးတယ် မပြောလည်းနေပေါ့ ကိုယ့်ဘာကိုရှာပြမယ်"

"သဘောပါ"

ပြောပြီး သွန်းလျှံထွက်လာခဲ့၏။

နေတစ်ယောက် တကယ်ပဲ အတိတ်မေ့သွားပြီလား ဒါမှမဟုတ် သူတမင်သက်သက် သရုပ်ဆောင်နေတာများလား။ တစ်ခုခုတော့ ဖြစ်နေတာသေချာလိမ့်မည်။ ကိုယ့် ငယ်သူငယ်ချင်းလေး ဒီလို ဖြစ်နေတော့ ရင်ထဲမှာတကယ်မကောင်းပါ။

နေရယ် ... မင်းတော်တော်မိုက်တာပဲ တို့ပြောခဲ့ပါတယ် လူတွေကို အယုံမလွယ်ပါနဲ့လို့ မင်းကနားမှ မထောင်တာ။

***

လေတိုက်တိုင်း သင်းခနဲကြိုင်လှိုင်သွားသည့် ကေရာဇ်ပန်းရနံ့များဟာ

စိတ်ကို ကြည်လင် သန့်ရှင်းသွားစေသည်။ အမှတ်ရနေသေးသည်။ ဒီဇကေရာဇ်ပန်းပင်လေးဟာ လေချိုတို့ ဘန်ကောက်မပြောင်းသေးခင် အချိန်တုန်းကဆို အပင်လေးက လေချို့အရပ်ထက် နည်းနည်းပဲ ကျော်သေးတာလေ။

ခုများတော့ အကိုင်းတွေ အခက်တွေနဲ့ ဝေဆာမြိုင်အောင် ပွင့်နေလိုက်တာများ ... ထိုင်းမှာဆို ဒီပန်းကို ကာစလောင်ပန်းဟုခေါ်ကြသည်။ ပွဲတော်ရက်များဆို ထိုင်းမိန်းမပျိုလေးတွေရဲ့ခေါင်းပေါ်မှာ ဖြူစင်စွာဝင့်လို့ ... သူ့အရောင်ဟာလည်း အဖြူရောင်လေးလေ။ ကမ္ဘာပေါ်မှာ လေချို ... ဘာပန်းကြိုက်လဲလို့ မေးလာတဲ့သူရှိရင် ကိုယ်ဖြေပေးမယ့်အဖြေ ဒီဇကေရာဇ်ပန်းလေးပဲ။ လေချို အနှစ်သက်ဆုံးပန်းပေါ့ ... ...။

မြေပြင်ပေါ် ကြွေကျနေတဲ့ ဖြူလွလွ ပန်းကလေးတွေကို ကောက်ပြီး လက်ထဲတွင် စုစည်းထားလိုက်သည်။ ထိုအခါမှာ ပန်းကလေးရဲ့အလှကပိုပြီး ထင်းထင်းသွားသလို ရနံ့မှာလည်း ပို၍ သင်းစေသည်။ လေချို လက်ထဲက ပန်းကလေးများကို ငုံ့မွှေးကြူလိုက်၏။

"အားပါးပါး မွှေးလိုက်တာ"

ပန်းကောက်နေရင်းမှ ရင်ခွင်ထဲက စာအုပ်လေးကို သေချာပိုက်ပြီး ပန်းပွင့်များကို ဒန်းပေါ်တင်ထားလိုက်သည်။ ပြီးမှ ထိုင်လိုက်ကာ စာအုပ်လေးအား ပေါင်ပေါ်တင်ပြီး ဖွင့်ဖတ်ရန်လုပ်လိုက်တော့ ... အမှတ်မထင် ကိုယ့်ပေါင်သားကို ပြန်မြင်မိလေတော့ မနေ့ညက ကိစ္စဟာ ခေါင်းထဲသို့ သူ့အလိုလို ဝင်ရောက်လာကြသည်။

နှမြောစရာ အနမ်းလေး၊ သူများမပေးဘဲ အတင်းကိုလုယူသွားတာ ဒင်းနှုတ်ခမ်း ဝဲပေါက်ပါစေ ဟုသာ စိတ်ထဲတွင်ကျိန်ဆဲလိုက်ပြီး စာအုပ်လေးကို ဖွင့်ဖတ်ရန် ကြံမိသည်။ ထိုစဉ်မှာပဲ ပွမ်ပွမ် ဟူသော ကားဟွန်းတီးသံ

ကြောင့် လေချိုစာဘက် စိတ်မဝင်စားမိတော့ပဲ ခြံဝရှေ့က ကားကိုသာ မြင်ရနိုးနိုး ကြည့်လိုက်ပါသည်။

ခြံတံခါးက လုံခြုံသည်မို့ ခြံစည်းရိုး သံတိုင်တွေကြားမှ လှမ်းကြည့်လိုက်စဉ် ခပ်ဖြည်းဖြည်း မောင်းနေရာမှ ကားသည် ခြံရှေ့တည့်တည့် ရပ်တန့်လိုက်တော့ ကားရှေ့ခန်းမှ လူတစ်ယောက်ကို သတိထားမိသွားရ၏။

ဟင် ... အဲဒါ လေယာဉ်ကွင်းမှာ တွေ့ခဲ့တဲ့ ရေခဲတုံးမလား။ သူက လေချိုကိုလှမ်းကြည့်ပြီး အရင်ကလို အေးစက်စက်ပြုံးပြီးသော် လက်နှစ်ချောင်းနှင့် လက်ယပ်ခေါ်လာသည်။ လေချိုလည်းပဲ ဘုမသိ ဘမသိဖြင့် ခြံတံခါးနား သွားလိုက်၏။

"ဟော့ ... ဘယ်လိုလဲ ကြောက်ဒူးတုန်နေပြီလားကွ၊ မင်းအိမ်ထဲမှာ ပုန်းနေလည်း ငါ့လက်က မလွတ်နိုင်ပါဘူးကွာ"

"အမ် ... စကားကြီးစကားကျယ်တွေ ခင်ဗျားလောက်ကတော့ ကြောက်ဒူးတုန်ဖို့မပြောနဲ့ ဒူးမွှေ တောင် နေရာရွှေ့မသွားဘူး"

"အဟား ... စိန်ခေါ်တယ်ပေါ့လေ၊ နေ့စွဲသစ်ဆိုတဲ့ကောင်က အကြွေးရစရာရှိရင် ဘာကိုမှ ဂရုစိုက်တတ်တဲ့ကောင် မဟုတ်ဘူး၊ ဒီမှာ ငါမင်းကိုပြောလိုက်မယ် မင်း ... နေခွန်းအိမ်ဆိုတဲ့လူနဲ့ စေ့စပ်ရဲစေ့စပ်ကြည့် မင်းတို့ကို ငါကိုယ်တိုင် လာသတ်မယ်"

"အောက်မျက်လေး ကြောက်ဖုတ်ကောင်းလိုက်တာနော် အားကြီးကြောက်တာပဲ"

"နေချိုဖြိုန်း မင်းငါ့ကို ရွဲ့နေတာလား"

"ဒီမှာ သူများခြံရှေ့မှာ အသံကောင်းလာဟစ်မနေနဲ့ အကြွေးလာတောင်းတာကလဲ မသိရင် မာဖီးယား ငါးစိမ်းတန်းရောက်နေသလား အောက်မေ့ရ

တယ်၊ ပြောလာလိုက်စမ်းပါ ခင်ဗျားကို ပေးရမယ့်အကြွေး ဘယ်လောက်လဲ"

"ငါ့ကိုပေးရမှာ မဟုတ်ဘူးကွ၊ မင်း ငါ့အစ်ကိုကို ပေးရမှာ"

"လျှာကိုရှည်တယ် ကဲ ... ပြောစမ်းပါ ဘယ်လောက်လဲ"

"၁၅၀၀"

"ဘာ ... အဟားဟား၊ ပိုက်ဆံလေး ၁၅၀၀နဲ့ ကားအကောင်းစားစီး သိက္ခာအကျခံပြီး လာတောင်းတယ် အမလေး ခင်ဗျားလို ဆန်းကြယ်တဲ့ချစ်တီး တစ်ခါမှမမြင်ဖူးဘူး ဟာ့ဟား ... ..."

သူ ... ရှူးရှူးရှဲရှဲဖြစ်လာကာ ခြံစည်းရိုးနားအထိ မျက်နှာတိုးကပ်သည်။ သူ့ပုံစံကိုကြည့်ပြီး လေချိုမှာ အားရလိုက်တာများဆိုတာ ... သနားပါတယ် ခြံရှေ့မှာ ဒေါသထွက်ပြနေရတယ်လို့။ ခြံထဲကိုလည်း ဝင်မလာနိုင်သလို လေချို့ကိုလည်း ဘာမှမလုပ်နိုင်တော့ သူ ပို၍သာ ဒေါသထွက်ရပါသည်။

"မင်းနော် စကားကိုဆင်ခြင်ပြော၊ ငါက မင်းထက် အသက်ကြီးတယ်နော်"

"အဲဒီတော့ ခွက်တစ်လုံး ရှာပေးရမှာလား"

"ဘာကွ မင်း ... မင်း၊ ရိုင်းကလည်းရိုင်း ရုပ်ကလည်းဆိုးသေး ရည်းစားတွေက မှိုလိုပေါက်အောင်ထား တော်တော်မျက်နှာများတဲ့ ဒသဘီလူးပဲ"

" နေစမ်းပါဦး ကျွန်တော်က ဘယ်မှာ မျက်နှာများလို့လဲ"

"ဘာ ... ... ကိုယ်ကိုတိုင် မျက်နှာများခဲ့တာတောင် သတိမရတော့ဘူးပေါ့ ဟုတ်လား"

"ဒါပေါ့ ဒါပေါ့ ..."

လေချိုက ကော်ရုပ်ကလေး မျက်လုံးမှိတ်သလို တဖျတ်ဖျတ်လေးခတ်ပြ

တော့ သူက အကြီးအကျယ်ကို ဒေါပွနေတော့သည်။

"ငါပြောထားမယ်နော် နေချိုဖြန်း ... မင်း ငါ့အစ်ကိုကို မလိမ့်တစ်ပတ်လုပ်လို့ကသာတော့ အသက်ကိုဖက်နဲ့သာ ထုပ်ထားပေတော့"

"ဖက်မဟုတ်ပဲနဲ့ ပဝါဆိုရင်ကော အဆင်ပြေလောက်လား၊ သယ်ရပြုရ လွယ်တယ်လေနော် ဟာ့ဟား ..."

"တောက် ... မင်းကွာ"

သူ့မျက်နှာကြီး နီရဲလာတဲ့အထိ ဒေါသတွေဖြစ်နေတာမို့ ကိုယ့်မှာပြုံးစိစိနှင့် ပို၍သာ စနောက်လို့ ကောင်းနေတော့သည်။ အစ်ကိုဖြစ်သူကို ချစ်တတ်လိုက်တာများနော် ကိုယ့်အိမ်ရှေ့ထိ လာရောက် သောင်းကျန်းပြတာကိုသာ ကြည့်တော့ ... ငဆိုးလေးက။

"ငါပြောပြီးပြီနော် ငါ့အစ်ကိုကို အသည်းခွဲရဲခွဲကြည့် မင်းနဲ့ငါနဲ့အတွေ့ပဲ"

"ခုပဲတွေ့နေရတာကို ဒါလင်ကလည်း"

"ဟာ၊ မင်း ... ကိုကြီးကို ကစားလို့မဝသေးလို့ ငါ့ကိုပါ အီစီကလီလာလုပ်နေတယ်ပေါ့လေ မရဘူး ... နေချိုဖြန်း။မင်းလို မျက်နှာများတဲ့လူကို ငါ့မစဉ်းစားဘူး သဘောပေါက်လား"

"မစဉ်းစားဘူး ဒါပေမဲ့ တန်းပြီး အဖြေပေးလိုက်မှာမလား အိုး ... ... ရှက်လိုက်တာဗျာ မျက်နှာတွေတောင် ပူကုန်ပြီ မယုံရင် လာကိုင်ကြည့်ပါလား"

ပါးလေးကို ခြေတံခါးအနား တိုးပေးတော့ သူက မျက်ခုံးတို့ ညွတ်ချိုးနေအောင် လေချိုကို ကြည့်နေသည်။ မနိုင်ဘူး ကိုကြီးရေ ... ... ကိုကြီးဟာလေးက သံပရာသီးထက်တောင် ချဉ်မယ့်ပုံပဲဗျာ့။

"မကိုင်ချင်လည်းနေပေါ့၊ ဟို  ဒါနဲ့လေ ခင်ဗျားကိုကြီးဆိုတာ ခင်ဗျားလိုပဲ ဖြောင့်ဖြောင့်တောင့်တောင့် ရုပ်ချောချောလေးလားဟင်"

"ဘာကွ ..."

"အမလေး ... ... ဖြည်းဖြည်းအော်ပါဗျ ဒီမှာ နားလေးမနေဘူး"

"ဒီမယ် နေချိုဖြိန်း ... မင်းငါ့အစ်ကိုကို လိုက်တုန်းကလိုက်ပြီးတော့ အခုမှ အချိုးတွေမပြောင်းနဲ့နော် သူပဲ ကြွေလှချည်ရဲ့Rs ဖြစ်ချင်လှချည်ရဲ့ဆိုပြီး ကိုကြီးကို အသည်းအသန်ပိုးခဲ့တာ အဲဒီတော့ ကိုကြီးက မင်းကို ပြန်မကြိုက်ပဲ နေနိုင်ပါတော့မလား"

"ဟယ် ဟုတ်လား၊ ဒါဆိုရင်တော့ အဲတုန်းက ကျွန်တော်ကန်းနေလို့ဖြစ်မယ်ဗျ ဘာလို့ဆို လောကမှာ အဆင်တွေ ဒီလောက်ပေါတာ ဝေးဝေးတောင်ရှာစရာမလိုဘူး ဒီနားလေးတင် ..."

လေချိုက ညာဘက်လက်ညှိုးလေးကို စကြာလည်သလို စက်ဝိုင်းသဏ္ဍာန် လုပ်ပြနေတော့ သူက ခြံတံခါးကို ဆုပ်ကိုင်လာရင်း အကြည့်နဲ့မြားပစ်နေသည်။ မင်းကွာ အထဲမှာမို့သာပေ့ါ နို့မို့ဆို ငါ့လက်ထဲမှာတင် ကိုကြီးနဲ့မ ညားရပဲ စုတ်ပြတ်သတ်နေလောက်ပြီ။

"မင်း မင်း မင်းကွာ"

သူ လက်သီးကို ကျစ်ခနဲဆုပ်လိုက်ပြီး ကားပေါ်တက်ကာ ဝူးခနဲ မောင်းထွက်သွားလေသည်။ လေချို့မှာတော့ အပြုံးတို့ အရှိန်မသတ်နိုင်သေးပါလေ။

"နေချိုဖြိန်းရေ ... ... နင့်ဘဝကြီးကတော့ လူချောလေးတွေနဲ့ပဲ ပြည့်နှက်နေတာပါလားနော်၊ တစ်ယောက်က စေ့စပ်တော့မယ်လူ တစ်ယောက်က ချစ်သူ နောက်တစ်ယောက်က ကြိတ်ပိုးသူ ကျန်တဲ့တစ်ယောက်က ... ဟီး ဟိ မိတ်ဖွဒ်ဒီးဝါ (မပြောတာပဲကောင်းတယ်)"

တစ်ယောက်တည်း ရယ်နေလိုက်ရင်း စောနားက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကို

ပြန်တွေးမိနေသည်။ ဘယ်လို လူမှန်းလည်း မသိပါဘူး စကားပြောတာကတည်းက ပေမကျိုး ထောင့်မကျိုး။ ဒါပေမဲ့ ချောတာကတော့ တကယ်ချောသည်။

မော်ဒယ်မင်းသားဆန်ဆန်ဖြင့် သူ့ပုံစံက စူးရှသောအကြည့်တို့ကို ပိုင်ဆိုင်ထားပြီး ဖြောင့်တန်း၍ လှပရုံမျှ ထင်ရှားသောနှာတံတို့နှင့် လိုက်ဖက်လှသော နှုတ်ခမ်းပါးတို့လည်း ရှိသည်။ သွယ်လျသော မျက်နှာကို ပိုင်ဆိုင်ထားသော သူ့မှာ မိန်းမဆန်ဆန် ချောမောခြင်းမျိုးမဟုတ်ဘဲ တစ်မျိုးလေး ဆွဲဆောင်မှုရှိနေ၏။ ထိုမျှလောက် ချောမောပြေပြစ်နေလျှင် သူ၏အစ်ကိုရက်မြက်သစ်ဆိုသူကရော ... ဘယ်လိုနေမလဲမသိ။ သူ့လောက်မဟုတ်တောင် သူသည်လည်း ကြည့်ကောင်းမှာပါပဟု မဆီမဆိုင် တွေးလိုက်မိပါသေးသည်။

"အသိစိတ်ကပ်စမ်း လေချိုဖြန်း ... အဲဒါ သူများကိစ္စ နင်က ဘာကိစ္စပဲလျှော်ကြား ဆားညှပ်ချင်ရတာလဲ"

ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ပေမဲ့လည်း အတွေးထဲက အကြောင်းအရာတွေကိုတော့ ထုတ်ပစ်လို့မရချေ။ ဖတ်ဖို့ယူလာတဲ့ စာအုပ်မှာ တစ်မျက်နှာတောင်မထိရသေး ... ဖတ်ဖြစ်ပါဦးမလား လေချိုရယ်။

***